

# အာဏာရှင်စနစ်

# ဖျက်သိမ်းရေး

၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ
မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေ
အနှစ်ချုပ် အစီရင်ခံစာ

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် - မြန်မာနိုင်ငံ

# အာဏာရှင်စနစ်

# ဖျက်သိမ်းရေး

၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေ

အနှစ်ချုပ် အစီရင်ခံစာ

# မာတိကာ


၁။ ကျေးဇူးတင်ရှိခြင်း ၄

၂။ ND-Burma အကြောင်း ၅

၃။ နိဒါန်း ၈

၄။ အခြေအနေအကျဉ်းချုပ် ၉

၅။ လူ့အခွင့်အရေးမှတ်တမ်းကွန်ရက်-မြန်မာနိုင်ငံ (ND-Burma) အဖွဲ့ဝင်များ၏ မှတ်တမ်းတင်တွေ့ရှိချက်များ၊ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လအထိ ၁၅

၆။ အနှစ်ချုပ် ၂၂

ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် လူ့အခွင့်အရေးချိုးဖောက်မှုများ ၃၈

၇။ ဖြစ်ရပ်မှန်များ ၅၀

၈။ နိဂုံးချုပ် ၅၆

၉။ အကြံပြုချက်များ ၅၈

# ကျေးဇူးတင်ရှိခြင်း

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက်-မြန်မာနိုင်ငံ (ND-Burma)အနေဖြင့်၎င်းတို့ကျူး လွန်ခံခဲ့ရသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့်ပတ်သက်၍ သတ္တိရှိရှိထုတ်ဖော်ပြောဆို ပေးခဲ့ကြသူများအား အထူးကျေးဇူးတင်ရှိပါသည်။ ထို့အပြင် လုံခြုံရေးအန္တရာယ်များကို ရင်ဆိုင်ရသည့်ကြားမှ အဖိုးမဖြတ်နိုင်သော သက်သေခံမှတ်တမ်းများကို ဆက်လက်စုဆောင်း မှတ်တမ်းတင်ပေးနေကြသည့် ND-Burma အဖွဲ့ဝင်အဖွဲ့အစည်းများနှင့် မြေပြင်တွင် မှတ်တမ်းတင်နေသူများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ND-Burma အဖွဲ့ဝင်များ၏ ကြိုးပမ်းအားထုတ်မှုနှင့် ပံ့ပိုးကူညီမှုများ၊ ကျူးလွန်ခံရသူများ၏ သတ္တိရှိ မှုနှင့် လုံခြုံရေးနှင့် ဘေးကင်းရေးအပေါ် ခြိမ်းခြောက်မှုများ ရှိနေသည့်ကြားမှ လူ့အခွင့်အရေးချိုးဖောက်မှု သက်သေအထောက်အထားများကို မြေပြင်တွင် မှတ်တမ်းတင်ခဲ့ကြသူများ၏ အားထုတ်မှုကြောင့် ဤအစီရင်ခံစာကို ပြုစုနိုင်ခြင်း ဖြစ်ပါသည်။

ဤအစီရင်ခံစာတွင် ထုတ်ဖော်ပြောကြားသည့် ပြည်သူများ၏အသံက မြန်မာနိုင်ငံအနေဖြင့် ငြိမ်းချမ်းရေးရရှိရန် ခရီးရှည်ကြီး ဆက်လက်လျှောက်လှမ်းရဦးမည်ဖြစ်ကြောင်း သတိပေးနေသည်။ မြန်မာစစ်တပ်နှင့် ၎င်း၏လက်အောက်ခံ ပြည်သူ့စစ်အဖွဲ့များ၊ ကျူးလွန်မှုများတွင် ပူးပေါင်းပါဝင်သူများက ပြင်းထန်ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများကို ကျူးလွန်နေသည့်ကြားမှ မတုန်မလှုပ် ရပ်တည်ရင်သန်နေကြသည့် ပြည်သူများ၏ ကြံ့ကြံ့ခံနိုင်မှုသည် ဆိုးရွားလွန်းသည့် အခြေအနေများကို ရင်ဆိုင်ကျော်လွှား၍ ဆက်လက်လုပ်ဆောင်ရန် မိမိတို့အား တွန်းအားပေးလျှက် ရှိသည်။

ဤအစီရင်ခံစာ ဖြစ်မြောက်လာနိုင်ရန် မပြတ်မလပ် ပံ့ပိုးကူညီပေးခဲ့ကြသူများနှင့် အဖွဲ့အစည်းများအား အထူးပင် ကျေးဇူးတင်ရှိပါသည်။

# ND-Burma အကြောင်း

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက်-မြန်မာနိုင်ငံ (ND-Burma)သည် တိုင်းရင်းသားလူမျိုးစုများ၊ အမျိုးသမီးများ၊ လူငယ်များနှင့် နိုင်ငံရေးအကျဉ်းသားဟောင်းများကို ကိုယ်စားပြုသည့် အဖွဲ့အစည်း ၁၃ ဖွဲ့ဖြင့် ဖွဲ့စည်းထားသော ကွန်ရက်တစ်ခုဖြစ်သည်။ ၂၀၀၄ ခုနှစ်မှစတင်၍ ND-Burma အဖွဲ့ဝင်အဖွဲ့အစည်းများသည် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု (Transitional Justice) အယူအဆကို အခြေခံ၍ လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ခဲ့ကြသည်။ ထိုသို့ဆောင်ရွက်ရာတွင် အမှန်တရားဖော်ထုတ်ရေး၊ တရားမျှတမှုရရှိရေး၊ ထိခိုက်နစ်နာသူများအတွက် ပြန်လည်ကုစားပေးရေးနှင့် ထပ်မံမဖြစ်ပွားစေရေးတို့ပါဝင်သည်။

ရေတိုကာလတွင် ND-Burma ၏ မှတ်တမ်းများကို အသုံးပြု၍ ကျူးလွန်ခံရသူများကိုယ်စား တရားမျှတမှုရရှိရေးအတွက် စည်းရုံးလှုံ့ဆော်ခြင်းနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် ကျူးလွန်သူများအား တာဝန်ခံမှုရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသည်။ ကွန်ရက်တွင် အဖွဲ့ဝင် ၉ ဖွဲ့နှင့် ဆက်စပ်အဖွဲ့ဝင် ၄ ဖွဲ့ ပါဝင်သည်။

**အဖွဲ့ဝင်များ**

၁။ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP)
၂။ လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများအဖွဲ့ (HRDP)
၃။ အနာဂတ်အလင်းတန်းဆုံမှတ် (FLC)
၄။ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း (HURFOM)
၅။ ကချင်အမျိုးသမီး အစည်းအရုံး – ထိုင်းနိုင်ငံ (KWAT)
၆။ တအာင်းအမျိုးသမီး အဖွဲ့အစည်း (TWO)
၇။ တအာင်းကျောင်းသားနှင့် လူငယ်များအဖွဲ့ (TSYU)
၈။ ထားဝယ်အမျိုးသမီးသမဂ္ဂ (TWU)
၉။ ချင်းလူ့အခွင့်အရေးအဖွဲ့ (CHRO)

**ဆက်စပ်အဖွဲ့ဝင်များ**

၁။ ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့်လူငယ်များအစည်းအရုံး (AASYC)
၂။ ပဲခူးအရှေ့ – နိုင်ငံရေးအကျဉ်းသားဟောင်းများကွန်ရက် (FPPN-EB)
၃။ ပအိုဝ်းလူငယ်အစည်းအရုံး (PYO)
၄။ ရှေ့ပြေးအသံ (PV)

## မြေပြင်တွင် မှတ်တမ်းစုဆောင်းသူများ၏ အခြေအနေ

လက်ရှိ မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေအရ လက်နက်ကိုင်ပဋိပက္ခများနှင့် ဆက်စပ်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများသည် အတိုင်းအတာကြီးမားစွာဖြင့် ဖြစ်ပွားလျှက်ရှိသည်။ လုံခြုံရေးဆိုင်ရာ စိုးရိမ်ရမှုများကြောင့် ND-Burma ၏ မြေပြင်တွင် မှတ်တမ်းစုဆောင်းသူများသည် ကြီးမားသည့် အန္တရာယ်များနှင့် ရင်ဆိုင်နေရပြီး လူ့အခွင့်အရေးအခြေအနေများကို ပွင့်လင်းလွတ်လပ်စွာ စောင့်ကြည့် မှတ်တမ်းတင်နိုင်ခြင်း မရှိပေ။

အထူးသဖြင့် တိုင်းရင်းသားဒေသများနှင့် ပဋိပက္ခဖြစ်ပွားနေသည့် ဒေသများတွင် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ရာတွင် ပိုမိုဖိနှိပ်ချုပ်ချယ်လာသည့် ဥပဒေများအောက်တွင် မတရားဖမ်းဆီးခြင်း၊ နှောင့်ယှက်ခြင်း သို့မဟုတ် အကြမ်းဖက်လက်တုံ့ပြန်မှုများနှင့် ရင်ဆိုင်ရနိုင်သည်။

ND-Burma အဖွဲ့ဝင်အဖွဲ့အစည်းများမှ မြေပြင်တွင် မှတ်တမ်းတင် သတင်းအချက်အလက် စုဆောင်းသူများသည် မတရားသည့် ဥပဒေဖြင့် ထောင်ဒဏ်ချမှတ်ခံရခြင်း၊ ပြန်ပေးဆွဲခံရခြင်း၊ အတင်းအကျပ် ပျောက်ဆုံးစေခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ မုဒိမ်းမှုကျူးလွန်ခံရခြင်းနှင့် သတ်ဖြတ်ခံရခြင်းတို့အပါအဝင် ကြီးမားသည့် အန္တရာယ်များကို ကိုယ်တိုင်ရင်ဆိုင်နေကြရသည်။ ထို့အပြင် လူတွေ့ တွေ့ဆုံမေးမြန်းရာတွင် ထုတ်ဖော်ပြောဆိုနေသည့် လူ့အခွင့်အရေးချိုးဖောက်ခံရသူများမှာလည်း အလားတူအခြေအနေများကို ရင်ဆိုင်နေရသည်။

## မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေးမှတ်တမ်းတင်ခြင်း

ND-Burma သည် လူ့အခွင့်အရေးချိုးဖောက်မှုများကို ထိရောက်စွာ မှတ်တမ်းတင်နိုင်ရန်အတွက် လူ့အခွင့်အရေးချိုးဖောက်မှု အမျိုးအစား ၁၇ ခု (Top 17) ကို အခြေခံ၍ အဖွဲ့ဝင်များ အသုံးပြုနိုင်သည့် မှတ်တမ်းတင်ခြင်းလက်စွဲများကို ပြုစုထားသည်။ မြန်မာနိုင်ငံအတွင်း ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုအားလုံး၏ အတိုင်းအတာအပြည့်အစုံကို မှတ်တမ်းတင်ရန်မှာ မဖြစ်နိုင်ပေ။

စစ်တပ်လက်အောက်ခံ လက်နက်ကိုင်တပ်ဖွဲ့များသည် ကျူးလွန်ခံရသူများအား ခြိမ်းခြောက်ခြင်းနှင့် အကြောက်တရားဖြင့် မထုတ်ဖော်ဝံ့ရန် ဖိအားပေးလျှက်ရှိသည်။ ထို့ကြောင့် လူ့အခွင့်အရေး ကာကွယ်သူများအနေဖြင့် ချိုးဖောက်မှုများကို မှတ်တမ်းတင်ရန်မှာ ကြီးမားသည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။ အာဏာသိမ်းမှုနောက်ပိုင်း ဖြစ်ပွားလာသည့် စစ်ပွဲအခြေအနေကြောင့် အခြေအနေမှာ ပိုမိုရှုပ်ထွေးလာခဲ့သည်။ စစ်တပ်က အကြမ်းဖက်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်လာသည်နှင့်အမျှ ၎င်းတို့ ကျူးလွန်မှုများနှင့်ပတ်သက်သည့် သက်သေအထောက်အထားများကို စုဆောင်းရန် ကြိုးပမ်းသူများကို စစ်တပ်က ပစ်မှတ်ထားလာကြသည်။

သတင်းအချက်အလက် အရည်အသွေးသည် ဖြစ်ပေါ်နေသည့် အခြေအနေများအပေါ် မူတည်၍ ကွဲပြားနိုင်သည်။ ND-Burma အနေဖြင့် မိမိတို့၏ သတင်းအချက်အလက်များကို ကွန်ရက်တခုလုံး တပြေးညီ အသုံးပြုနိုင်မည့်စနစ်ဖြင့် စီမံခန့်ခွဲ ထိန်းသိမ်းသည်။ ကျူးလွန်ခံရသူများနှင့် တွေ့ဆုံမေးမြန်းခြင်းမှ တဆင့် သတင်းအချက်အလက်များကို ဒေတာဘေ့စ်တွင် သိမ်းဆည်းစုဆောင်းခြင်းနှင့် အွန်လိုင်းနှင့် အော့ဖ်လိုင်း

ဆက်သွယ်ရေးနည်းလမ်းများဖြင့် လုံခြုံရေးဆိုင်ရာ အစီအမံများ ထားရှိဆောင်ရွက် သည်။ ထို့အပြင် ယုံကြည်စိတ်ချရသည့် ဒေသခံကွန်ရက်များမှတဆင့် သတင်းအချက်အလက်များကို စုဆောင်းလျှက်ရှိသည်။ ကျူးလွန်ခံရသူများနှင့် တွေ့ဆုံမေးမြန်းထားသည့် အချက်အလက်များကို ၎င်းတို့၏ မူရင်းရည်ရွယ်ချက် မပျက်စေဘဲ တိကျမှန်ကန်စွာ ဖော်ပြနိုင်ရန် ND-Burma က ကြိုးပမ်း ဆောင်ရွက်သည်။

ဤအစီရင်ခံစာတွင် ပါဝင်သည့် သတင်းအချက်အလက်များသည် ND-Burma အဖွဲ့ဝင်များက စုဆောင်းမှတ်တမ်းတင်ထားသည့် အချက်အလက်များကို အခြေခံထားသည်။ ဤအစီရင်ခံစာသည် မြန်မာနိုင်ငံအတွင်း ဖြစ်ပွားနေသည့် လူ့အခွင့်အရေးအခြေအနေများကို အကန့်အသတ်ဖြင့်သာ ဖော်ပြရန် ရည်ရွယ်ခြင်းမဟုတ်ဘဲ အဖွဲ့ဝင်များက ၎င်းတို့သက်ဆိုင်ရာ ဒေသများတွင် မှတ်တမ်းတင်နိုင်သည့် အခြေအနေများအပေါ် အခြေခံ၍ ခွဲခြမ်းစိတ်ဖြာသုံးသပ်မှုနှင့် နောက်ခံအခြေအနေများကို ဖော်ပြရန် ရည်ရွယ်သည်။ ထို့ကြောင့် ဤအစီရင်ခံစာကို မြန်မာနိုင်ငံအတွင်း ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုး ဖောက်မှုများ အားလုံးကို အပြည့်အစုံလွှမ်းခြုံဖော်ပြထားသည့် အစီရင်ခံစာအဖြစ် မယူဆသင့်ပေ။ ယခု အစီရင်ခံသည့်ကာလအတွင်း နိုင်ငံတစ်ဝန်း ဖြစ်ပွားခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုများအနက် ND-Burma အဖွဲ့ဝင်များက မှတ်တမ်းတင်နိုင်သည့် ဖြစ်ရပ်များကို စုစည်းဖော်ပြထားခြင်း ဖြစ်သည်။

## ဒေတာအချက်အလက် စီမံခန့်ခွဲမှု

ကွန်ရက်အဖွဲ့ဝင်အဖွဲ့အစည်းများသည် လူ့အခွင့်အရေးချိုးဖောက်မှုများကို လုံခြုံစိတ်ချရသည့် Uwazi ဒေတာဘေ့စ်အတွင်း ထည့်သွင်းသိုမှီး၍ သိမ်းဆည်း ခွဲခြမ်းစိတ်ဖြာမှုများ ပြုလုပ်သည်။ Uwazi သည် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်၍ ယုံကြည်စိတ်ချရစွာ သိုမှီးထားနိုင်သည့် အရင်းအမြစ်တခုဖြစ်သည်။ ND-Burma အဖွဲ့ဝင်အဖွဲ့အစည်းများ၏ လုပ်ငန်းများကို အထောက်အကူပြုနိုင်ရန် လူ့အခွင့်အရေး ချိုးဖောက်မှု သတင်းအချက်အလက်များ အားလုံးကို ဒေတာဘေ့စ်တွင် စုဆောင်း မှတ်တမ်းတင် ထိန်းသိမ်းသည်။ မြေပြင်တွင် မှတ်တမ်းတင်သူများသည် စာရွက်စာတမ်းများ၊ ဖြစ်စဉ် မှတ်တမ်းများနှင့် မြေပြင်မှ စုဆောင်းရရှိသည့် အချက်အလက်များကို မိမိတို့၏ အဖွဲ့အစည်းများထံ ပေးပို့ကြပြီးနောက် အဖွဲ့အစည်းများက ယင်းအချက်အလက်များကို ND-Burma ၏ ဒေတာဘေ့စ်တွင် ထည့်သွင်းကြသည်။ အစီရင်ခံသည့်ကာလအတွင်း ND-Burma ၏ ဒေတာစီမံခန့်ခွဲမှုအဖွဲ့သည် စာရွက် စာတမ်းတစ်ခုချင်းစီကို စနစ်တကျ စုစည်းပြီး သက်ဆိုင်ရာ အစီရင်ခံစာအတွက် ထည့်သွင်းဖော်ပြမည့် ဖြစ်စဉ်မှတ်တမ်းများကို ရွေးချယ်သည်။

ND-Burma သည် အစီရင်ခံစာပါ ကာလအတွင်း စုဆောင်းရရှိသည့် လက်ရှိနှင့် ယခင်က ဖြစ်ပွားခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများ၊ အခြားအချက်အလက်များအားလုံးကိုလည်း စနစ်တကျ စာရင်းပြုစုမှတ်တမ်းတင်သည်။ ထို့အပြင် မြန်မာနိုင်ငံအတွင်း ဖြစ်ပွားနေသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ပတ်သက်၍ ပိုမိုခိုင်မာပြီး ပြည့်စုံသော မှတ်တမ်းတစ်ရပ် ဖြစ်ပေါ်လာစေရန် လိုအပ်သည့် ပြင် ဆင်မွမ်းမံမှုများကို ဆက်လက်ပြုလုပ်သည်။

# နိဒါန်း

ဤအစီရင်ခံစာသည် ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ ND-Burma အဖွဲ့ဝင်များနှင့် ဆက်စပ်အဖွဲ့ဝင်များက မှတ်တမ်းတင်ထားသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို စုစည်းဖော်ပြထားခြင်းဖြစ်သည်။ ထို့အပြင် ဖော်ပြပါ ကိန်းဂဏန်းများသည် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ND-Burma ၏ မိတ်ဖက်အဖွဲ့အစည်းများထံမှ ရရှိထားသည့် အချက်အလက်များလည်း ပါဝင်သည်။ ND-Burma ၏ တွေ့ရှိချက်များသည် ND-Burma အဖွဲ့ဝင်များ၏ သက်ဆိုင်ရာဒေသများတွင် ဖြစ်ပေါ်နေသည့် အခြေအနေများ၊ မှတ်တမ်းတင်ထားသည့် ဖြစ်စဉ်များနှင့် နောက်ခံအကြောင်းအရာများကို ထင်ဟပ်ဖော်ပြထားပြီး တခြားအစီရင်ခံစာ စာတမ်းနှင့် အချက်အလက်များကို လေ့လာရှာဖွေ (desk research) ထည့်သွင်း ဖော်ပြထားသည်။

ND-Burma နှင့် မိတ်ဖက်အဖွဲ့အစည်းများသည် မြန်မာနိုင်ငံအတွင်း မြန်မာစစ်တပ်၊ စစ်တပ်လက်အောက်ခံ ပြည်သူ့စစ်အဖွဲ့များနှင့် အခြားသော လက်နက်ကိုင်တပ်ဖွဲ့များအပါအဝင် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ (EROs) နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ (PDFs) က ကျူးလွန်သည့် လူ့အခွင့်အရေးချိုးဖောက်မှု အရေအတွက်ကို ဖြစ်စဉ်မှတ်တမ်းများ၊ တွေ့ဆုံမေးမြန်းချက်များ၊ သက်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ၏ အစီရင်ခံစာများနှင့် မျက်မြင်သက်သေများ၏ ထွက်ဆိုချက်များကို အသုံးပြု၍ မှတ်တမ်းတင်ကြသည်။ သို့သော် ဤအစီရင်ခံစာတွင် မှတ်တမ်းတင်ထားသည့် ရာဇဝတ်မှုများနှင့် အကြမ်းဖက်မှုများ၏ အများစုကို စစ်တပ်က ကျူးလွန်ခဲ့ခြင်း ဖြစ်သည်။

အစီရင်ခံသည့်ကာလအတွင်း ND-Burma အဖွဲ့ဝင်များ၏ အစီရင်ခံချက်များအရ မြန်မာစစ်တပ်သည် အရပ်သားများအပေါ် အကြမ်းဖက်မှုနှင့် ရက်စက်ကြမ်းကြုတ်မှုများကို ပိုမိုအသုံးပြု၍ တိုက်ခိုက်မှုများ ပြင်းထန်စွာ ဆောင်ရွက်လာခဲ့သည်။ ND-Burma အဖွဲ့ဝင်များသည် ယုံကြည်စိတ်ချရသော မိတ်ဖက်များအဖြစ် မြို့ပြနှင့် ကျေးလက်ဒေသများရှိ ဒေသခံလူထုနှင့် နီးကပ်စွာ ပူးပေါင်း၍ လူ့အခွင့်အရေး အခြေအနေများကို စောင့်ကြည့်မှတ်တမ်းတင်လျှက်ရှိသည်။ ND-Burma အနေဖြင့် လူ့အခွင့်အရေးဆိုင်ရာ ဖြစ်စဉ်များကို အသေးစိတ် အာရုံစိုက်မှတ်တမ်းတင်နေသော်လည်း ပဋိပက္ခအခြေအနေ တစ်ရပ်လုံးမှာ ပိုမိုပြင်းထန်ဆိုးရွားလာလျှက်ရှိသည်။

ND-Burma သည် နိုင်ငံတစ်ဝန်း ဆိုးရွားလာနေသည့် လူ့အခွင့်အရေးအခြေအနေများကို အာရုံစိုက်စေရန်နှင့် ထုတ်ဖော်ပြောဆိုရန် အစီရင်ခံစာများနှင့် အချက်အလက် အကျဉ်းချုပ်စာတမ်းများကို ပုံမှန်ထုတ်ပြန်လျှက်ရှိသည်။ ယင်းတို့တွင် အဖွဲ့ဝင်များ၏အခြေစိုက်ရာ ဒေသများနှင့် ပြည်နယ်များအတွင်း ဖြစ်ပွားနေသည့် ဆိုးရွားပြင်းထန်သော ချိုးဖောက်မှုများကို အထူးအာရုံစိုက် မှတ်တမ်းတင်သည်။ ကြီးမားသည့် ခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်နေရသည့်ကြားမှ ကွန်ရက်အဖွဲ့ဝင်များသည် အဆိုပါ ရာဇဝတ်မှုများနှင့် ပတ်သက်သည့် သက်သေအထောက်အထားများ မှတ်တမ်းပြုစုခြင်းအား ဆက်လက်လုပ် ဆောင်လျှက်ရှိပြီး တရားမျှတမှုနှင့် တာဝန်ခံမှု ရရှိရေးအတွက် မဆုတ်မနစ် ကြိုးပမ်းဆောင် ရွက်လျှက်ရှိသည်။

# အခြေအနေအကျဉ်းချုပ်

အစီရင်ခံသည့်ကာလအတွင်း လွန်ခဲ့သည့် ခြောက်လတာကာလ၌ စစ်အာဏာရှင်အဖွဲ့က အဆင့်သုံးဆင့်ဖြင့် ပြုလုပ်ခဲ့သည့် အတုအယောင်ရွေးကောက်ပွဲများအပြီး နိုင်ငံတကာအဆင့်တွင် ၎င်းတို့ တရားဝင်မှု ရရှိစေရန် ကြိုးပမ်းလာခြင်းနှင့်အတူ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေမှာ အလျှင်အမြန်ပင် ပိုမိုဆိုးရွားလာခဲ့သည်။ ၂၀၂၆ ခုနှစ် ဧပြီလတွင် အာဏာသိမ်းခေါင်းဆောင် မင်းအောင်လှိုင်က ကိုယ့်ကိုယ်ကိုယ် နိုင်ငံတော်သမ္မတအဖြစ်ကြေညာခဲ့ပြီး ရွေးကောက်ပွဲကို ထောက်ခံခဲ့သည့် အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ အပါအဝင် နိုင်ငံခေါင်းဆောင်များနှင့် တွေ့ဆုံမှုများ စတင်ပြုလုပ်ခဲ့သည်။

အဆိုပါ သံတမန်ရေးအရ ပုံဖော်ပြသမှုများ ဖြစ်ပေါ်နေသည့်ကြားမှ မြန်မာနိုင်ငံတစ်ဝန်းရှိ အရပ်သားပြည်သူများမှာ ၎င်းတို့ ရပ်ရွာနှင့် အိုးအိမ်များအပေါ် ပစ်မှတ်ထား ဖုံးကြဲတိုက်ခိုက်မှုများကြောင့် ထိခိုက်ခံစားခဲ့ကြရသည်။ သေဆုံးမှုများပြားသည့် တိုက်ခိုက်မှုများ သိသိသာသာ မြင့်တက်လာခြင်းနှင့် အတူ အင်တာနက်ဆက်သွယ်မှုများကို ရည်ရွယ်ချက်ရှိရှိ ဖြတ်တောက်မှုများကြောင့် ထိခိုက်သေဆုံးမှုများနှင့် ပတ်သက်သည့် ဖြစ်စဉ်များစွာမှာ အမှန်တကယ် ဖြစ်ပွားမှုထက် လျော့နည်းစွာသာ အစီရင်ခံနိုင်ခဲ့သည်။ ND–Burma အဖွဲ့ဝင်များက မိမိတို့ဒေသရှိ ပြည်သူလူထု၏ ထိခိုက်ခံစားရသည့် ဆင်းရဲဒုက္ခများ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို မှတ်တမ်းတင်ခဲ့ကြသော်လည်း စစ်ဗိုလ်ချုပ်များက နိုင်ငံအတွင်း အခြေအနေများ ပုံမှန်ဖြစ်နေကြောင်း ပြောဆိုနေခဲ့ကြသည်။[1]

၂၀၂၅ ခုနှစ်၏ နောက်ဆုံးခြောက်လတာ ကာလအတွင်းမှာပင် စစ်အာဏာရှင်အဖွဲ့၏ လုပ်ရပ်များကြောင့် လူပေါင်း ၇၀၂ ဦး သေဆုံးခဲ့ပြီး ယင်းတို့အနက် အမျိုးသမီး ၂၂၄ ဦးနှင့် ကလေး ၁၅၃ ဦး ပါဝင်ခဲ့သည်။[2]

အာရှဒေသ၏ သေဆုံးမှုအများဆုံး ပဋိပက္ခအခြေအနေ ပိုမိုဆိုးရွားလာနေသည့်အချိန်တွင် စစ်တပ်သည် ၎င်းတို့ကျူးလွန်ခဲ့သည့် အကြမ်းဖက်မှုများမှ အာရုံလွှဲရန် အစဉ်တစိုက်ကြိုးပမ်းလျှက်ရှိသည်။[3] မင်းအောင်လှိုင်နှင့် ၎င်း၏ စစ်တပ်အပေါ် သစ္စာခံသူများသည် နိုင်ငံတကာသို့ ဇိမ်ခံခရီးစဉ်များ သွားရောက်၍ လက်နက်များနှင့် စောင့်ကြည့်ထောက်လှမ်းရေးပစ္စည်းများ ဝယ်ယူရန် လေ့လာနေကြချိန်တွင် ပြည်တွင်း၌မူ ကျေးရွာများ မီးရှို့ဖျက်ဆီးခံနေရပြီး ဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် စာသင်ကျောင်းများကို ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေသည်။

အဆိုပါ အကြမ်းဖက်မှုများ ဖြစ်ပွားနေသည့်ကြားတွင် စစ်တပ်၏ ဝါဒဖြန့်ချိရေးယန္တရားက မြေပြင်

1 Democracy Dies Where Dictators Thrive, The Network for Human Rights Documentation-Burma,
2 Myanmar army killed over 700 civilians in six months, UN says, BBC, 22 June 2026
3 How the Coup Turned Myanmar Into Asia's Deadliest Conflict—and Why the World Is Looking Away, Council of Foreign Relations, 10 July 2026

ရှိ အမှန်တကယ်အခြေအနေများနှင့် ပတ်သက်သည့် ဇာတ်ကြောင်းကို လွှဲမှားဖော်ပြရန် ကြိုးပမ်းခဲ့သော်လည်း အဆိုပါကြိုးပမ်းမှုကို ပြည်သူများက ကျယ်ကျယ်ပြန့်ပြန့် သပိတ်မှောက်ခဲ့ကြသည်။ Human Rights Myanmar ၏ လေ့လာချက်တစ်ရပ်အရ စစ်တပ်အပေါ် လိုလားသည့် မီဒီယာများ၏ သတင်းရောက်ရှိမှုသည် အာဏာသိမ်းပြီးနောက် (-)၈၀ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး၊ စစ်တပ်ကို ဆန့်ကျင်သည့် မီဒီယာများ၏ သတင်းရောက်ရှိမှုမှာမူ (+)၁၅ ရာခိုင်နှုန်း တိုးမြင့်လာခဲ့ကြောင်း ဖော်ပြထားသည်။[4]

စစ်တပ်သည် သတင်းမီဒီယာများတွင် ဝေဖန်ထောက်ပြမှုများ မပြုလုပ်နိုင်စေရန် ဆင်ဆာဖြတ်တောက်မှုများ ပြုလုပ်ခဲ့ပြီး ယနေ့အထိ ဆက်သွယ်ရေးစီးဆင်းမှုများကို လျှော့ချရန်နှင့် ဖြတ်တောက် ပိတ်ပင်ရန် ဆက်လက်လုပ်ဆောင်လျှက်ရှိသည်။ အသံအဖွဲ့၏ အဆိုအရ မြန်မာနိုင်ငံတစ်ဝန်း မြို့နယ်ပေါင်း ၁၃၈ မြို့နယ်တွင် ဖုန်းနှင့် အင်တာနက် ဆက်သွယ်မှုများ ဆက်လက်ဖြတ်တောက်ခံထားရဆဲ ဖြစ်သည်။[5] လူအများအပြားသည် Starlink ကို အားကိုးအသုံးပြုနေကြသော်လည်း စစ်တပ်၏ ဆက်လက်ကန့်သတ်ပိတ်ပင်မှုများနှင့် တားဆီးမှုများအပြင် အခွန်အခများ တိုးမြှင့်ကောက်ခံ လာခြင်းတို့ကြောင့် Starlink ရရှိ အသုံးပြုနိုင်ရန် အခက်အခဲများ ဆက်လက်ရှိနေသည်။

စစ်ပွဲအတွင်း ကျူးလွန်သည့် လုပ်ရပ်များစွာအနက် လေကြောင်းတိုက်ခိုက်မှုများလည်း ပါဝင်ပြီး အာဏာသိမ်းပြီးနောက်ပိုင်းတွင် လေကြောင်းတိုက်ခိုက်မှုများ ဆက်လက်မြင့်တက်လာခဲ့သည်။ ၂၀၂၄ ခုနှစ်တွင် လေကြောင်းတိုက်ခိုက်မှုအရေအတွက်သည် ၂၀၂၃ ခုနှစ်နှင့် နှိုင်းယှဉ်ပါက သုံးဆအထိ မြင့်တက်လာခဲ့သည်။[6] ဒေသခံ အရပ်ဖက်အဖွဲ့အစည်းဖြစ်သည့် Blood Money Campaign (BMC) ၏ မှတ်တမ်းများအရ စစ်အာဏာရှင်အဖွဲ့သည် လေကြောင်းတိုက်ခိုက်မှုများအတွက် လေယာဉ်ဆီ ဂါလံ ၁.၉၄ သန်းကျော် အသုံးပြုခဲ့ပြီး ယင်းကြောင့် အပြစ်မဲ့ပြည်သူများ အသက်ဆုံးရှုံးခဲ့ကြသည်။[7]

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၀၂၆ ခုနှစ် ဧပြီလအထိ လေကြောင်းတိုက်ခိုက်မှုပေါင်း ၇,၂၀၀ ကျော် ဖြစ်ပွားခဲ့ပြီး ထိခိုက်သေဆုံးသူပေါင်း ၇,၈၀၉ ဦး ရှိခဲ့သည်။[8] စာသင်ကျောင်းများ၊ ဆေးရုံများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများသည်လည်း အဓိပ္ပာယ်မဲ့စွာ ဆက်လက်ပစ်မှတ်ထား တိုက်ခိုက်ခံနေရသည်။ စစ်အာဏာရှင်အဖွဲ့သည် မော်တာဖြင့် ပစ်ခတ်ခြင်းနှင့် အမြောက်ဖြင့် ပစ်ခတ်ခြင်းများကိုလည်း ပုံမှန်ပြုလုပ်လျှက်ရှိပြီး Gyrocopter နှင့် Paraglider များကို အသုံးပြုမှုလည်း တိုးမြှင့်လာသည်။ ယင်းတို့သည် *“ဆီစားသက်သာပြီး အကွာအဝေးတို၊ အနိမ့်ပျံ တိုက်ခိုက်မှုများအတွက် အသုံးပြုနိုင်ပြီး ပုံမှန်အားဖြင့် အကာအကွယ်မဲ့ ပစ်မှတ်များကို တိုက်ခိုက်ရန် အသုံးပြုကြသည်။”*[9]

4 News audience suppression under Myanmar’s digital coup, Human Rights Myanmar, 25 June 2026
5 Freedom of Expression in Myanmar: June 2026, Athan
6 Four years after the 2021 coup in Myanmar, violence against civilians is still increasing, Armed Conflict Location & Event Data, 31 January 2025
7 Blood Money Campaign reports fuel consumption costs for Myanmar’s jet fighter fleet, Burma News International 25 March 2026
8 See Nyan Lin Thit Analytica via https://bmcmyanmar.com/
9 Gyrocopters and paramotors new threat facing Myanmar civilians in expanding regime air war, Democratic Voice of Burma, 21 October 2025

ထို့အပြင် ဆက်သွယ်ရေးအကန့်အသတ်ရှိသည့် ဒေသများတွင် နေထိုင်ကြသော အရပ်သားများသည် လေကြောင်းတိုက်ခိုက်မှုများကြောင့် သေဆုံးခြင်းနှင့် ထိခိုက်ဒဏ်ရာရခြင်း အန္တရာယ်အမြင့်မားဆုံး ရင်ဆိုင်နေရခြင်းမှာ အထူးစိုးရိမ်ဖွယ်ရာ ဖြစ်သည်။[10]

စစ်ပွဲ၏ သက်ရောက်မှုများမှာ ဆိုးရွားပြင်းထန်လှပြီး နေရပ်စွန့်ခွာထွက်ပြေးနေရသည့် သန်းနှင့်ချီသော ပြည်သူများအကြား မရေရာမသေချာမှုများ ဖြစ်ပေါ်စေခဲ့သည်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရန် အခွင့်အလမ်းများ အကန့်အသတ်ရှိနေခြင်းကြောင့် နေရပ်စွန့်ခွာသူများအကြား ဆင်းရဲနွမ်းပါးမှုနှုန်း မြင့်မားလျှက်ရှိသည်။ စီးပွားရေးကျဆင်းမှုမှာလည်း ဆိုးရွားပြင်းထန်ပြီး ငွေကြေးဖောင်းပွမှုနှုန်း ၂၅ ရာခိုင်နှုန်းကျော်အထိ မြင့်တက်လာခြင်းကြောင့် ရေ၊ ဆေးဝါးနှင့် အစားအစာကဲ့သို့ အခြေခံလိုအပ်သော ပစ္စည်းများရရှိရန် ပိုမိုခက်ခဲလာသည်။[11]

ယင်းအခြေအနေများကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် ၇၅ ရာခိုင်နှုန်းနီးပါး ကျဆင်းလာခဲ့ပြီး ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု အခြေခံအဆောက်အအုံများလည်း ပိုမိုယိုယွင်းလာခဲ့သည်။[12] မိသားစုများသည် မိမိတို့၏ ကလေးများ ဘေးကင်းလုံခြုံရေးကို ဦးစားပေးရသဖြင့် ဝေးလံခေါင်သီသည့် ဒေသများတွင် ကလေးများကို ပြုစုစောင့်ရှောက်နေကြရသည်။ သို့သော် ယင်းဒေသများတွင် စိတ်ချလက်ချနေထိုင်ရန်နှင့် အခြေခံဝန်ဆောင်မှုများ ရရှိနိုင်ရန် ပိုမိုခက်ခဲလျှက်ရှိသည်။

ထိခိုက်လွယ်သူများ အခက်အခဲများနှင့် ရင်ဆိုင်နေရချိန်တွင် စစ်အာဏာရှင်အဖွဲ့က ၎င်း၏ ကာကွယ်ရေးအသုံးစရိတ်ကို ဆက်လက်တိုးမြှင့်လျှက်ရှိသည်။[13]

မြန်မာနိုင်ငံ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းမှာ ပိုမိုစိုးရိမ်ဖွယ်ရာ အခြေအနေသို့ရောက်ရှိနေပြီး ပြည်တွင်းနေရပ်စွန့်ခွာသူ (IDPs) ဦးရေမှာ ခန့်မှန်းခြေအားဖြင့် ၃.၈ သန်းအထိ ရှိလာခဲ့ကာ အရေအတွက်မှာ ၄ သန်းအထိ ရောက်ရှိလာနိုင်ကြောင်း ခန့်မှန်းထားသည်။[14] ဆက်လက်ဖြစ်ပွားနေသည့် ပဋိပက္ခများ၊ အတင်းအကျပ် စစ်မှုထမ်းစေခြင်းနှင့် သဘာဝဘေးအန္တရာယ်များကြောင့် လူပေါင်း ၁၂ သန်းကျော်သည် ဆိုးရွားပြင်းထန်သော အစာရေစာမလုံလောက်မှုကို ဆက်လက်ရင်ဆိုင်နေရသည်။[15]

ထို့အပြင် နိုင်ငံအတွင်းရှိ ပြည်တွင်းနေရပ်စွန့်ခွာသူများ၏ ၉၀ ရာခိုင်နှုန်းကျော်သည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ နောက်ပိုင်းတွင် မိမိတို့၏ နေအိမ်များမှ အတင်းအကျပ် ထွက်ခွာခဲ့ရသူများဖြစ်သည်။[16] မြေပြင်ရှိ အခြေအနေများမှာ အလွန်ဆိုးရွားလျှက်ရှိပြီး အိမ်နီးချင်းနိုင်ငံများက စစ်အာဏာရှင်အဖွဲ့အား နိုင်ငံတကာတွင် ဝန်ဆန့်နိုင်စေရန် ကူညီနေ၍ ၎င်းတို့အား တရားဝင်မှုဖြစ်စေသဖြင့် ပင်ပန်းနွမ်းနယ်မှုနှင့် မျှော်လင့်ချက်

10 Airstrike Risk Remains Highest in Myanmar's Communication Blackout Zones, Burma News International, 16 July 2026
11 Myanmar in "polycrisis" as US aid freeze compounds long-term donor neglect, The New Humanitarian, 18 February 2025
12 Myanmar poverty rates surge as middle class shrinks following military coup, Burma News International,
13 Myanmar junta forecasts widening budget deficit for 2025–2026 fiscal year, Mizzima News, 6 July 2025
14 3.8 million internally displaced in Myanmar humanitarian crisis: UN, The Irrawaddy, 14 July 2026
15 WFP warns that Myanmar faces rising displacement and unacceptable hunger levels in 2026, WFP, 11 December 2025
16 Myanmar Humanitarian Needs and Response Plan 2026, 2 December 2025

မဲ့မှုများ ပိုမိုဖြစ်ပေါ်လာသည်။ ယင်း၏ အကျိုးဆက်များကို အထိခိုက်လွယ်ဆုံးသော ပြည်သူများက ထပ်မံခံစားရနိုင်သည်။

ကျယ်ပြန့်စွာ ဖြစ်ပွားနေသည့် နေရပ်စွန့်ခွာထွက်ပြေးမှုများကြောင့် မိသားစုများလည်း ကွဲကွာနေကြရပြီး လူအများအပြားသည် သစ်တောများ၊ တောင်တန်းများ သို့မဟုတ် ယာယီခိုလှုံရာ နေရာများတွင် နေထိုင်ကြရသည်။ ထိုနေရာများတွင် လုံလောက်သော အစားအစာ၊ သန့်ရှင်းသော သောက်သုံးရေနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိရန် အခက်အခဲများ ရှိနေသည်။ လူအများအပြားသည် စစ်ပွဲအတွင်း ချစ်ခင်ရသူများကို ဆုံးရှုံးခဲ့ကြပြီး ဖြေရှင်းကုစားနိုင်ခြင်း မရှိသေးသည့် စိတ်ဒဏ်ရာများနှင့်အတူ နေထိုင်နေကြရသည်။ တစ်ချိန်တည်းတွင် မျိုးဆက်သစ် ကလေးများသည် စစ်ပွဲ၏ ရှေ့တန်းဒေသများတွင် ကြီးပြင်းလာရနိုင်သည့် အန္တရာယ်နှင့် ရင်ဆိုင်နေရသည်။[17]

အမျိုးသမီးများအပေါ် သက်ရောက်မှုများမှာ အထူးသဖြင့် အမျိုးသမီးများအပေါ် စိန်ခေါ်မှုများသည့် သက်ရောက်မှုများ ရှိပြီး နေရပ်စွန့်ခွာ ထွက်ပြေးရသူများအနက် အမျိုးသမီးများမှာ အများစုဖြစ်နေဆဲဖြစ်သည်။ သို့သော် အမျိုးသမီးများသည် ပြုစုစောင့် ရှောက်သူများနှင့် မိသားစုစားဝတ်နေရေးကို ဖြည့်ဆည်းပေးသူများအဖြစ်သာမက လူထုအတွင်း ခေါင်းဆောင်မှုအခန်းကဏ္ဍ အမျိုးမျိုးတွင်ပါ ရိုးရာ ကျား၊မ စံနှုန်းများကို ကျော်လွန်၍ ပါဝင်ဆောင်ရွက်လျှက်ရှိပြီး ပဋိပက္ခကြောင့် ဖြစ်ပေါ်လာသည့် ကြီးမားသည့် ဝန်ထုပ်ဝန်ပိုးကို ထမ်းဆောင် နေကြရသည်။

လူကုန်ကူးမှုများနှင့် အွန်လိုင်းလိမ်လည်မှုစင်တာများ (cyber scam centers) တိုးပွားလာခြင်းကြောင့် နယ်စပ်ဒေသများသို့ သွားလာခြင်းသည် ပိုမိုအန္တရာယ်များလာပြီး အထူးသဖြင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များနှင့် ပတ်သက်၍ ND–Burma အဖွဲ့ဝင်ဖြစ်သည့် ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ) (KWAT) က စိုးရိမ်မှုများကို ထုတ်ဖော် ပြောဆိုထားသည်။[18]

ကျား၊ မ တန်းတူညီမျှမှု မြှင့်တင်ရေးအတွက် နောက်ဆုံးပေါ်ပေါက်လာသည့် အတားအဆီးမှာ မဲမသမာမှုများဖြင့် ကျင်းပခဲ့သည့် ရွေးကောက်ပွဲ၏ ရလဒ်ဖြစ်ပြီး ယင်းကြောင့် အမျိုးသမီးများ၏ အခြေအနေများမှာ ပိုမိုဆိုးရွားလာခဲ့သည်။ အမျိုးသမီးများ ရင်ဆိုင်နေရသည့် သီးခြားစိန်ခေါ်မှုများကို နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် အလေးအနက်ထား အာရုံစိုက်ရန် လိုအပ်ပြီး ကျား၊ မ ရှုထောင့်အပေါ် အခြေခံသည့် ချဉ်းကပ်မှုကို ကျင့်သုံးသင့်သည်။ ထိုသို့ဆောင်ရွက်ရာတွင် အမျိုးသမီးများ၏ လုံခြုံရေးကို အာမခံပေးနိုင်ရေးသာမက အမျိုးသမီးများ၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို ထုတ်ဖော်တင်ပြနိုင်ရန် ၎င်းတို့၏ စွမ်းဆောင်ရည်နှင့် အခွင့်အာဏာကို မြှင့်တင်ပေးရေးကိုလည်း အလေးထားရမည်ဖြစ်သည်။

17 The Devastating Toll of Conflict on Children in Myanmar, UNICEF Myanmar, 3 October 2025
18 Trafficking of Myanmar Women Spreads Beyond Border Regions, Shan Herald Agency for News, 8 June 2026

နိုင်ငံတစ်ဝန်းတွင် အတင်းအကျပ် စစ်မှုထမ်းစေခြင်းသည် အမျိုးသားများနှင့် အမျိုးသမီးများအတွက် ဆက်လက်ဖြစ်ပေါ်နေသည့် ခြိမ်းခြောက်မှုတစ်ရပ် ဖြစ်သည်။ သို့သော် အမျိုးသားများသည် မတရားဖမ်းဆီးခြင်းနှင့် ပြန်ပေးဆွဲခြင်းများမှတစ်ဆင့် စစ်မှုထမ်းရန် ပိုမိုပစ်မှတ်ထားခံနေရပြီး ၎င်းတို့ကို ပြန်လွှတ်ပေးရန်အတွက် လာဘ်ပေးရခြင်းနှင့် ခြိမ်းခြောက်ငွေညှစ်ခံရခြင်းများလည်း ရှိနေသည်။[19]

ချို့ယွင်းချက်နှင့် ပြဿနာများစွာရှိသည့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ အသက် ၁၈ နှစ်မှ ၃၅ နှစ်အထိ အမျိုးသားများနှင့် အသက် ၁၈ နှစ်မှ ၂၇ နှစ်အထိ အမျိုးသမီးများကို အတင်းအကျပ် စစ်မှုထမ်းစေပြီး စစ်မှုထမ်းကာလမှာ ၂၄ လအထိ ရှိနိုင်သည်။ စစ်တပ်သည် တပ်ဖွဲ့ဝင်အင်အားနှင့် မဟာဗျူဟာအရ အရေးပါသည့် နယ်မြေများကို သိသိသာသာ ဆုံးရှုံးနေကြောင်း ထင်ရှားလာသည့်အချိန်တွင် အဆိုပါဥပဒေကို စတင်အသက်ဝင်စေခဲ့သည်။ လက်ရှိတွင် စစ်အာဏာရှင်အဖွဲ့က နိုင်ငံ၏ နယ်မြေ ၃၂ ရာခိုင်နှုန်းကိုသာ ထိန်းချုပ်ထားသည်။[20]

သို့သော်လည်း စစ်အာဏာရှင်အဖွဲ့သည် လူငယ်များကို စစ်ပွဲအတွင်း ပါဝင်တိုက်ခိုက်ရန် အဓိပ္ပာယ်မဲ့စွာ ဆက်လက်စုဆောင်းလျှက်ရှိသည်။ ထို့ကြောင့် သတ်မှတ်ထားသည့် စစ်မှုထမ်းရမည့် အသက်အရွယ်အတွင်းရှိသူများသည် မိမိတို့၏ လုံခြုံရေးအတွက်နှင့် အတင်းအကျပ် စစ်မှုထမ်းစေခံရခြင်းမှ ရှောင်ရှားနိုင်ရန် နယ်စပ်ဒေသများနှင့် တော်လှန်ရေးအင်အားစုများ ထိန်းချုပ်ထားသည့် ဒေသများသို့ အမြောက်အမြား ထွက်ခွာတိမ်းရှောင်နေကြသည်။[21]

ပဋိပက္ခဒဏ်ခံစားနေရသည့် ဒေသများတွင် အရေးပေါ်လိုအပ်နေသည့် ထောက်ပံ့ရေးပစ္စည်းများ ရရှိရန် အလွန်လိုအပ်နေသည့်အချိန်တွင် စစ်အာဏာရှင်အဖွဲ့သည် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ရက်စက်စွာ လက်နက်သဖွယ် အသုံးချလျှက်ရှိသည်။ ၎င်းတို့၏ လုပ်ဆောင်ချက်များမှာ အစားအစာနှင့် ထောက်ပံ့ရေးပစ္စည်းများကို ကြားဖြတ်တားဆီးသိမ်းဆည်းခြင်း၊ ထောက်ပံ့ရေး ကွင်းဆက်ကို ထိခိုက်ပျက်စီးစေခြင်း၊ အကူအညီပေးရေးလုပ်သားများကို ပစ်မှတ်ထားခြင်းနှင့် အရေးပေါ်ကယ်ဆယ်ရေး လုပ်ငန်းများ နှောင့်နှေးစေရန် မလိုအပ်သည့် စစ်ဆေးရေးဂိတ်များ ချထားခြင်းတို့ ပါဝင်သည်။[22]

အမှန်တကယ်အားဖြင့် စစ်အာဏာရှင်အဖွဲ့သည် မြေပြင်တွင် ရှုပ်ထွေးမှုများကို ဖြစ်ပေါ်စေပြီး လူသား ချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်း ပိုမိုဆိုးရွားလာစေရန် သာမက အခြေအနေကို တမင်တကာ ပိုမိုဆိုးရွားစေရန်အတွက် ကူညီကယ်ဆယ်ရေး တုံ့ပြန်ဆောင်ရွက်မှုများကိုပါ ရည်ရွယ်ချက်ရှိရှိ ဟန့်တားဖျက်ဆီးလျှက်ရှိသည်။ အဆိုပါ အခွင့်အရေးအလွဲသုံးစားပြုသည့် လုပ်ရပ်များကြောင့် မသေသင့်ဘဲနှင့် အပြစ်မဲ့ပြည်သူများ သေဆုံးကြရသည်။

19 ‘Stealing a generation,’ APHR Condemns Junta’s Intensifying Forced Conscription of Myanmar Youth, ASEAN Parliamentarians for Human Rights, 25 May 2026
20 Myanmar’s junta is losing: Don’t hand it impunity disguised as ‘peace’, Substack: Writing the Resistance, 6 July 2026
21 Forced to Enlist, The Human Rights Foundation of Monland, 10 December 2024
22 The Myanmar Military Junta’s Weaponization of Humanitarian Aid (2021–2025), Progressive Voice, 9 December 2025

ဤအခြေအနေများ ပိုမိုစိန်ခေါ်မှုရှိလာစေသည့် အဓိကအကြောင်းရင်းများအနက် တခုမှာ နှစ်ပေါင်းများစွာ ပံ့ပိုးကူညီလာခဲ့သည့် အလှူရှင်များ၊ အထူးသဖြင့် အမေရိကန် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ (USAID) ၏ ရန်ပုံငွေများကို မကြာသေးမီနှစ်များအတွင်း ဖြတ်တောက်လာခြင်းဖြစ်သည်။ *"အကျပ်အတည်းများစွာ တစ်ပြိုင်နက်ဖြစ်ပေါ်နေသည့် အခြေအနေ"* (polycrisis) ဟု သတ်မှတ်ထားသည့် လက်ရှိအခြေအနေတွင် အမေရိကန်၏ ရန်ပုံငွေခေတ္တရပ်ဆိုင်းမှုသည် အသက်ကယ် ကူညီရေးအစီအစဉ်များအပေါ် တိုက်ရိုက်သက်ရောက်မှုရှိခဲ့ပြီး လုပ်ငန်းများစွာ ဆက်လက်ဆောင်ရွက်နိုင်ရန် ရန်ပုံငွေနှင့် အရင်းအမြစ်များ မလုံလောက်သည့် အခြေအနေသို့ ရောက်ရှိနေသည်။[23]

ဒေသခံများ ဦးဆောင်သည့် အဖွဲ့အစည်းများသည် အဆိုပါလိုအပ်ချက်များနှင့် ကွာဟချက်များကို ဖြည့် ဆည်းပေးရန် ဆက်လက်ကြိုးပမ်းနေကြပြီး ၎င်းတို့၏ လူထုအတွက် ကြံ့ကြံ့ခံ ရပ်တည်ဆောင်ရွက်လျက်ရှိသည်။ တစ်ချိန်တည်းတွင် အကူအညီများကို ထပ်မံလျှော့ချခြင်းနှင့် ရပ်ဆိုင်းခြင်းများသည် အရပ်သားများအား ကာကွယ်ပေးရေး ကြိုးပမ်းမှုများကို တိုက်ရိုက် ထိခိုက်အားနည်းစေကြောင်း ကုလသမဂ္ဂက သတိပေးထားသည်။[24]

ရန်ပုံငွေထောက်ပံ့မှု အခြေအနေများ ပြောင်းလဲလာနေသည့်အချိန်တွင် မြန်မာပြည်သူများ ချန်လှပ်ခံရ ခြင်းမရှိစေရန်နှင့် ၎င်းတို့၏ လိုအပ်ချက်များကို အလေးအနက်ထား ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် အ ရေးတကြီးလိုအပ်လျက်ရှိသည်။

ထို့အပြင် ယခုထုတ်ပြန်သည့် ND–Burma အစီရင်ခံစာက အဖွဲ့ဝင်များအနေဖြင့် ၎င်းတို့အခြေစိုက်ရာ ဒေသရှိ လူထုအသိုင်းအဝိုင်းအပေါ် စစ်အာဏာရှင်တို့မှ ဆက်လက်ကျူးလွန်နေသည့် တိုက်ခိုက်မှုများကို ရဲဝံ့စွာ မှတ်တမ်းတင်နေကြသည့်အပြင် ခုခံတော်လှန်မှုနှင့် ကြံ့ကြံ့ခံနိုင်မှုများမှတဆင့် စစ်အာဏာရှင်တို့အား ဆက်လက်၍ ပြတ်ပြတ်သားသား ဆန့်ကျင်နေသည်ကိုလည်း မီးမောင်းထိုး ဖော်ပြနေသည်။

23 MMyanmar's Enduring Polycrisis: Four Years into a Tumultuous Journey, UN Development Programme, January 2025
24 Myanmar: Aid decline compounds suffering amid ongoing military attacks, UN News, 22 June 2026

# လူ့အခွင့်အရေးမှတ်တမ်းကွန်ရက်–မြန်မာနိုင်ငံ (ND-Burma) အဖွဲ့ဝင်များ၏မှတ်တမ်းတင်တွေ့ရှိချက်များ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လအထိ

ND–Burma အဖွဲ့ဝင်များ၏ မှတ်တမ်းတင်ချက်များအရ ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ ဖြစ်စဉ် (case) ၃၀၅ ခုနှင့် ဖြစ်ရပ် (incident) ၅၃၆ ခုကို မှတ်တမ်းတင်ခဲ့သည်။ ယင်းတို့အနက် လူ့အခွင့်အရေး ချိုးဖောက်မှု ၂၈၉ ခုနှင့် လက်နက်ဖြင့် တိုက်ခိုက်မှုဖြစ်ရပ် ၂၄၇ ခု ပါဝင်သည်။ အဆိုပါ ချိုးဖောက်မှုများအနက် စစ်အာဏာရှင်အဖွဲ့က ကျူးလွန်ခဲ့သည့် ဖြစ်ရပ် ၂၀၅ ခု၊ တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ (EROs) က ကျူးလွန်ခဲ့သည့် ဖြစ်ရပ် ၂၀ ခုနှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ (PDFs) က ကျူးလွန်ခဲ့သည့် ဖြစ်ရပ် ၂ ခု ရှိသည်။

**အဓိက လူ့အခွင့်အရေးချိုးဖောက်မှု အမျိုးအစားများ**

- **စစ်ရေးဆိုင်ရာ လက်နက်အသုံးပြုတိုက်ခိုက်မှုများ (စုစုပေါင်း ၂၄၇ ခု)** – အများဆုံးဖြစ်ပွားသည့် တိုက်ခိုက်မှုများတွင် လေကြောင်းတိုက်ခိုက်မှု ၆၂ ခု၊ မြေမြှုပ်မိုင်းအသုံးပြုတိုက်ခိုက်မှု ၅၇ ခုနှင့် မော် တာနှင့် အမြောက်ပစ်ခတ်မှု ၅၁ ခုတို့ ပါဝင်သည်။

- **အခြားလူ့အခွင့်အရေးချိုးဖောက်မှုများ** – တရားဥပဒေမဲ့ သတ်ဖြတ်မှုများမှာ အများဆုံးဖြစ်ပွားသည့် **ချိုးဖောက်မှု အမျိုးအစားဖြစ်ပြီး ဖြစ်စဉ် ၁၁၉ ခု ရှိသည်။** ယင်းနောက်တွင် ပိုင်ဆိုင်မှုအခွင့်အရေး ချိုး ဖောက်မှု ၇၆ ခုနှင့် မတရားဖမ်းဆီးခြင်းနှင့် ထိန်းသိမ်းခြင်း ၄၄ ခုတို့ ဖြစ်သည်။

ND–Burma ၏ ၆ လတကြိမ် ထုတ်ပြန်သည့် အစီရင်ခံစာများတွင် ဖော်ပြထားသကဲ့သို့ပင် မှတ်တမ်းတင်ထားသည့် ဖြစ်စဉ်များအနက် အဓိကကျူးလွန်သူမှာ စစ်အာဏာရှင်အဖွဲ့ဖြစ်သည်။ မြန်မာနိုင်ငံရှိ ကျူးလွန်ခံရသူများနှင့် အသက်ရှင်ကျန်ရစ်သူများသည် တရားမျှတမှုရရှိရေး နည်းလမ်းများကို လက်လှမ်းမီနိုင်ခြင်း မရှိသည့်အတွက် မည်သည့်ဖြစ်စဉ်အတွက်မျှ ပြန်လည်ကုစားပေးလျော်မှုများ မရရှိပေ။

**အထိခိုက်ဆုံးဒေသများ**

- တနင်္သာရီတိုင်းဒေသကြီးတွင် **လူ့အခွင့်အရေးချိုးဖောက်မှု အရေအတွက်အများဆုံးဖြစ်ပြီး စုစုပေါင်း ၅၇** ခု မှတ်တမ်းတင်ထားသည်။

- ကချင်ပြည်နယ်တွင် လူ့အခွင့်အရေးချိုးဖောက်မှု **၅၀ ခု**နှင့် ရှမ်းပြည်နယ်တွင် **၄၈ ခု** အသီးသီး မှတ်တမ်းတင်ထားပြီး အဆိုပါဒေသများသည် လူ့အခွင့်အရေးချိုးဖောက်မှုများ ပြင်းထန်စွာ ထိခိုက်ခံစားခဲ့ရသည့် ဒေသများဖြစ်သည်။

■ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် မှတ်တမ်းတင်ထားသည့် ဖြစ်စဉ်အရေအတွက် အနည်းဆုံး ဖြစ်သည်။

ကျူးလွန်သူများ

■ စစ်တပ်သည် **အဓိကကျူးလွန်သူဖြစ်၍ ကျူးလွန်သူအဖြစ်** သတ်မှတ်ဖော်ပြနိုင်သည့် ဖြစ်စဉ် ၃၀၅ ခု အနက် ၁၈၆ ခုတွင် တာဝန်ရှိသည်။ ယင်းမှာ စုစုပေါင်း၏ ၆၁ ရာခိုင်နှုန်းခန့် ဖြစ်သည်။

■ ကျူးလွန်သူကို မဖော်ထုတ်နိုင်သည့် **ဖြစ်စဉ် ၇၈ ခု** ရှိသည်။ ယင်းတို့မှာ အများအားဖြင့် မြေမြှုပ်မိုင်း အသုံးပြုမှုများဖြစ်ပြီး ကျူးလွန်သူကို သတ်မှတ်ဖော်ထုတ်ရန် ခက်ခဲသည်။

■ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ (EROs) သည် **ဖြစ်စဉ် ၂၀ ခု**တွင် ကျူးလွန်သူများဖြစ်ပြီး **စစ်အာဏာရှင်အဖွဲ့နှင့် ဆက်နွယ်သည့် ပြည်သူ့စစ်အဖွဲ့များသည် ဖြစ်စဉ် ၁၃ ခုတွင် ကျူးလွန်သူများ ဖြစ်သည်။**

**အဓိကတွေ့ရှိချက် (၁)။** လေကြောင်းတိုက်ခိုက်မှုများနှင့် ပေါက်ကွဲစေတတ်သော လက်နက်များသည် အရပ်သားသေဆုံးမှုများ၏ အဓိကအကြောင်းရင်းများ ဖြစ်သည်

■ **လေကြောင်းတိုက်ခိုက်မှုများကြောင့် သေဆုံးမှု ထက်ဝက်ကျော် ဖြစ်ပေါ်ခဲ့ခြင်း** – အစီရင်ခံသည့် ကာလအတွင်း စစ်ဘက်ဆိုင်ရာ လက်နက်များကြောင့် သေဆုံးခဲ့သည့် အရပ်သား ၂၉၁ ဦးအနက် **လေကြောင်းတိုက်ခိုက်မှုများကြောင့် ၁၆၄ ဦး သေဆုံးခဲ့ပြီး စုစုပေါင်း၏ ၅၆ ရာခိုင်နှုန်း**ရှိသည်။ ထို့ကြောင့် လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုများသည် အရပ်သားများအပေါ် ကျူးလွန်သည့် တိုက်ခိုက်မှုများအနက် သေဆုံးမှုအများဆုံး ဖြစ်စေသည့် နည်းလမ်းဖြစ်သည်။

■ **အမျိုးသမီးများနှင့် ကလေးများအပေါ် ပြင်းထန်စွာ ထိခိုက်မှု** – ထိခိုက်လွယ်သော အုပ်စုများသည် စစ်ဘက်ဆိုင်ရာ လက်နက်အသုံးပြု တိုက်ခိုက်မှုများကြောင့် ပြင်းထန်စွာ ထိခိုက်ခဲ့ကြသည်။ အမျိုးသမီး **၇၆ ဦး (၂၆ ရာခိုင်နှုန်း)** နှင့် ကလေး **၅၃ ဦး (၁၈ ရာခိုင်နှုန်း)** စုစုပေါင်း **၁၂၉ ဦး သေဆုံး**ခဲ့ပြီး အရပ်သားများအတွင်း လက်နက်အသုံးပြုတိုက်ခိုက်မှုကြောင့် သေဆုံးသူအားလုံး၏ **၄၄ ရာခိုင်နှုန်း** ရှိသည်။

■ **အခြားသော သေဆုံးမှုဖြစ်စေသည့် လက်နက်အသုံးပြုမှုများ** – လက်နက်အသုံးပြုတိုက်ခိုက်မှုများကြောင့် အရပ်သားသေဆုံးမှုများအနက် နောက်ထပ် အဓိကဖြစ်စဉ်များမှာ အမြောက်ပစ်ခတ်မှုကြောင့် သေဆုံးသူ **၄၅ ဦး (၁၅ ရာခိုင်နှုန်း)**၊ ပစ်ခတ်သတ်ဖြတ်မှုကြောင့် သေဆုံးသူ **၃၄ ဦး (၁၁**

**ရခိုင်နှုန်း)**၊ ဒရုန်းတိုက်ခိုက်မှုကြောင့် သေဆုံးသူ **၃၁ ဦး (၁၀ ရာခိုင်နှုန်း)**၊ မြေ မြှုပ်မိုင်းကြောင့် သေဆုံးသူ **၁၃ ဦး (၄ ရာခိုင်နှုန်း)** နှင့် မပေါက်ကွဲသေးသည့် လက်နက်ပစ္စည်းများ (UXO) ကြောင့် သေဆုံးသူ **၄ ဦး (၁ ရာခိုင်နှုန်း)** တို့ ဖြစ်သည်။

**အဓိကတွေ့ရှိချက် (၂)**။ အများဆုံးဖြစ်ပွားသည့် လူ့အခွင့်အရေးချိုးဖောက်မှုများတွင် မတရားဖမ်းဆီး ထိန်းသိမ်းခြင်း၊ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများနှင့် စစ်တပ်၏ ကျူးလွန်မှုများ ပါဝင်သည်

- **ပြင်းထန်သော လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပွားမှု** – လက်နက်အသုံးပြု တိုက်ခိုက်မှုများ အပြင် မှတ်တမ်းတင်ထားသည့် လူ့အခွင့်အရေးချိုးဖောက်မှု ဖြစ်စဉ် ၂၈၉ ခုတွင် **လူပေါင်း ၄၆၀ ဦး** ထိခိုက်ခံစားခဲ့ရသည်။ အများဆုံးဖြစ်ပွားသည့် ချိုးဖောက်မှုများမှာ မတရားဖမ်းဆီးခြင်းနှင့် ထိန်းသိမ်းခြင်း ဖြစ်ပြီး ဖြစ်စဉ် ၄၄ ခုတွင် **ထိခိုက်နစ်နာသူ ၁၅၅ ဦး (၃၃ ရာခိုင်နှုန်း)** ရှိခဲ့သည်။ ထို့နောက် အစုလိုက်အ ပြုံလိုက် **သတ်ဖြတ်မှုများတွင် ဖြစ်စဉ် ၁၄ ခုအတွင်း ထိခိုက်နစ်နာသူ ၁၃၈ ဦး (၃၀ ရာခိုင်နှုန်း)** ရှိခဲ့ သည်။

- **လူဦးရေဆိုင်ရာ အချက်အလက်များ** – လူ့အခွင့်အရေးချိုးဖောက်မှုများ၏ ထိခိုက်နစ်နာသူများ အ နက် အရွယ်ရောက် အမျိုးသားများသည် အများဆုံးဖြစ်ပြီး ထိခိုက်နစ်နာသူ **၂၈၂ ဦး (၆၁ ရာခိုင်နှုန်း)** ရှိသည်။ အထူးသဖြင့် ပိုင်ဆိုင်မှုအခွင့်အရေး ချိုးဖောက်မှုတွင် ၇၃ ဦး၊ မတရားဖမ်းဆီးမှုတွင် ၈၂ ဦး နှင့် တရားဥပဒေမဲ့ သတ်ဖြတ်မှုတွင် ၃၁ ဦး ပါဝင်သည်။ သို့သော် အစုလိုက်အပြုံလိုက် သတ်ဖြတ် မှုများတွင် ကလေး ၂၆ ဦးနှင့် မတရားထိန်းသိမ်းမှုများတွင် **ကလေး ၁၉ ဦး** ထိခိုက်ခံစားခဲ့ရသဖြင့် ကလေး များသည်လည်း ပြင်းထန်စွာ ကျူးလွန်ခံရသူများဖြစ်သည်။

- **အဓိကကျူးလွန်သူအဖွဲ့** – ကျူးလွန်သူအလိုက် အမျိုးအစားခွဲခြားထားသည့် ဖြစ်စဉ် ၃၀၅ ခုအနက် **စစ်အာဏာရှင်အဖွဲ့**သည် အဓိကကျူးလွန်သူဖြစ်ပြီး ဖြစ်စဉ် **၁၈၆ ခု (၆၁ ရာခိုင်နှုန်း)** တွင် တာဝန်ရှိ သည်။ မည်သည့်အဖွဲ့က အသုံးပြုသည်ကို မသိရှိနိုင်သည့် မြေမြှုပ်မိုင်းများနှင့် မပေါက်ကွဲသေး သည့် လက်နက်ပစ္စည်းများ (UXO) ကြောင့် ဖြစ်စဉ် **၇၈ ခု (၂၅ ရာခိုင်နှုန်း)** ရှိခဲ့ပြီး ကျန်ရှိသည့် ဖြစ်စဉ်များမှာ စစ်တပ်ကျောထောက်နောက်ခံပြုထားသည့် ပြည်သူ့စစ်အဖွဲ့များ၏ ကျူးလွန်မှုများ ဖြစ်သည်။

**အဓိကတွေ့ရှိချက် (၃)**။ နယ်မြေဒေသအရ ချိုးဖောက်မှုများ ဖြစ်ပွားနေခြင်းနှင့် အဆောက်အအုံများ အကြီးအကျယ် ပျက်စီးဆုံးရှုံးခြင်း

- **နယ်မြေဒေသအရ ချိုးဖောက်မှုဖြစ်ပွားသည့် အကြိမ်ရေ** – မှတ်တမ်းတင်ထားသည့် ပဋိပက္ခဖြစ်စဉ်များအရ **တနင်္သာရီတိုင်းဒေသကြီး**တွင် ချိုးဖောက်မှုများ အများအပြားဖြစ်ပွားခဲ့ပြီး **စုစုပေါင်းဖြစ်စဉ် ၁၂၂ ခု** (လက်နက်အသုံးပြုတိုက်ခိုက်မှု ၆၅ ခုနှင့် လူ့အခွင့်အရေးချိုးဖောက်မှု ဖြစ်စဉ် ၅၇ ခု) ရှိသည်။ **ကချင်ပြည်နယ်တွင် စုစုပေါင်းဖြစ်စဉ် ၁၀၄ ခု** (လက်နက်အသုံးပြုတိုက်ခိုက်မှု ၅၄ ခုနှင့် လူ့အခွင့်အရေး ချိုးဖောက်မှု ဖြစ်စဉ် ၅၀ ခု) နှင့် **ရှမ်းပြည်နယ်တွင်လည်း စုစုပေါင်းဖြစ်စဉ် ၁၀၄ ခု** (လက်နက်အသုံးပြု တိုက်ခိုက်မှု ၅၆ ခုနှင့် လူ့အခွင့်အရေးချိုးဖောက်မှု ဖြစ်စဉ် ၄၈ ခု) ရှိသည်။

- **မကွေးတိုင်းဒေသကြီးတွင် အခြေခံအဆောက်အဦးများ အကြီးအကျယ် ပျက်စီးဆုံးရှုံးမှု** – အခြေခံအဆောက်အအုံ ပျက်စီးမှုများသည် **မကွေးတိုင်းဒေသကြီး**တွင် ဖြစ်ပွားခဲ့ပြီး နိုင်ငံတစ်ဝန်း မှတ်တမ်းတင်ထားသည့် ပျက်စီးသွားသော **အိမ်ခြေစုစုပေါင်း ၉၈၇ လုံးအနက် ၆၂၂ လုံးမှာ မကွေးတိုင်းဒေ သကြီးတွင် ဖြစ်ပြီး စုစုပေါင်း၏ ၆၃ ရာခိုင်နှုန်း** ရှိသည်။ ထို့အပြင် ဘုန်းကြီးကျောင်း ၂ ကျောင်းနှင့် စာ သင်ကျောင်း ၁ ကျောင်းလည်း ပျက်စီးခဲ့သည်။

- **အဆောက်အအုံများ ကြီးကြီးမားမား ပျက်စီးဆုံးရှုံးမှု** – နိုင်ငံတစ်ဝန်းတွင် အရပ်သားများနှင့် လူထုအသိုင်းအဝိုင်းများ အသုံးပြုသည့် **အဆောက်အအုံ အနည်းဆုံး ၁,၀၁၃ ခု** ပျက်စီးခဲ့ကြောင်း မှတ်တမ်း တင်ထားသည်။ ယင်းတို့တွင် လူနေအိမ် ၉၈၇ လုံး၊ ဘုန်းကြီးကျောင်း ၂၃ ကျောင်းနှင့် စာသင်ကျောင်း ၃ ကျောင်းပါဝင်သည်။ **မကွေးတိုင်းဒေသကြီး**တွင် အဆောက်အအုံ စုစုပေါင်း ၆၂၅ ခု ပျက်စီးခဲ့ပြီးနောက် ပျက်စီးဆုံးရှုံးမှု အများဆုံးဖြစ်သည့် ဒေသများမှာ **ပဲခူးတိုင်းဒေသကြီး** (အ ဆောက်အအုံ ၁၁၅ ခု)၊ က **ချင်ပြည်နယ်** (အဆောက်အအုံ ၁၀၈ ခု) နှင့် **ချင်းပြည်နယ်** ( ဆောက် အအုံ ၇၈ ခု) တို့ ဖြစ်သည်။

ND-Burma ၏ မှတ်တမ်းတင်ချက်များအရ လူအစုအပြုံလိုက် သေဆုံးစေနိုင်သည့် လက်နက်များ အသုံးပြု တိုက်ခိုက်မှုကြောင့် **လူပေါင်း ၂၉၁ ဦး သေဆုံးခဲ့ပြီး** ယင်းတို့တွင် **အမျိုးသား ၁၂၀ ဦး၊ အမျိုးသမီး ၇၆ ဦး၊ ကလေး ၅၃ ဦးနှင့် ကျား၊ မ** သို့မဟုတ် **အသက်အရွယ် မသိရှိရသူ ၄၂ ဦး** ပါဝင်သည်။

| ပြည်နယ်နဲ့ တိုင်းဒေသကြီး | စစ်လက်နက်ဖြင့် တိုက်ခိုက်မှု | လူ့အခွင့်အရေးချိုးဖောက်မှုအမျိုးအစားများ |
|---|---|---|
| ပဲခူးတိုင်း | ၁၅ | ၂၀ |
| ချင်းပြည်နယ် | ၂၆ | ၃၈ |
| ကချင်ပြည်နယ် | ၅၄ | ၅၀ |
| ကရင်ပြည်နယ် | ၉ | ၉ |
| မကွေးတိုင်း | ၃ | ၂၀ |
| မွန်ပြည်နယ် | ၁၅ | ၂၉ |
| ရခိုင်ပြည်နယ် | ၁ | ၀ |
| စစ်ကိုင်းတိုင်း | ၃ | ၁၆ |
| ရှမ်းပြည်နယ် | ၅၆ | ၄၈ |
| တနင်္သာရီတိုင်း | ၆၅ | ၅၇ |
| ရန်ကုန်တိုင်း | ၀ | ၂ |

## စစ်လက်နက်အမျိုးအစားအလိုက်အသုံးပြုတိုက်ခိုက်မှုကြောင့် အရပ်သားသေဆုံးမှုများ ( ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လအထိ)

| လက်နက်အမျိုးအစား | အမျိုးသား | အမျိုးသမီး | ကလေး | အတည်မပြုနိုင်သော | စုစုပေါင်း သေဆုံးသူ ဦးရေ | စုစုပေါင်း % |
|---|---|---|---|---|---|---|
| လေကြောင်းတိုက်ခိုက်မှု | ၆၁ | ၃၅ | ၃၆ | ၃၂ | ၁၆၄ | ၅၆.၄% |
| လက်နက်ကြီးပစ်ခတ်မှု | ၁၄ | ၁၇ | ၈ | ၆ | ၄၅ | ၁၅.၅% |
| လက်နက်ငယ်ဖြင့်ပစ်ခတ်မှု | ၂၃ | ၅ | ၂ | ၄ | ၃၄ | ၁၁.၇% |
| ဒရုန်းဖြင့်တိုက်ခိုက်မှု | ၁၁ | ၁၇ | ၃ | ၀ | ၃၁ | ၁၀.၇% |
| မြေမြှုပ်မိုင်း | ၉ | ၂ | ၂ | ၀ | ၁၃ | ၄.၅% |
| စစ်လက်နက် အကြွင်းအကျန် | ၂ | ၀ | ၂ | ၀ | ၄ | ၁.၄% |
| **စုစုပေါင်း** | **၁၂၀** | **၇၆** | **၅၃** | **၄၂** | **၂၉၁** | **၁၀၀.၀%** |

## မှတ်တမ်းတင်ချက်များအရ လူ့အခွင့်အရေးချိုးဖောက်မှုအမျိုးအစားများနှင့် ဖြစ်ရပ်များ (၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လအထိ)



## ပြည်နယ်နဲ့တိုင်းဒေသကြီးအလိုက် ဖြစ်စဉ်များနှင့် ဖျက်ဆီးခံရသည့် နေအိမ်၊ ဥစ္စာပစ္စည်းများ

| ပြည်နယ်နဲ့ တိုင်းဒေသကြီး | လက်နက်ဖြင့်တိုက်ခိုက်မှု | လူ့အခွင့်အရေးချိုးဖောက်မှု ဖြစ်စဉ်များ | စုစုပေါင်းဖြစ်စဉ်အရေအတွက် | ဖျက်ဆီးခံရသော နေအိမ်များ | ဘာသာအရေးအဆောက်အအုံများ | စာသင်ကျောင်းများ | ဖျက်ဆီးခံရသော အဆောက်အအုံ စုစုပေါင်း |
|---|---|---|---|---|---|---|---|
| တနင်္သာရီတိုင်း | ၆၅ | ၅၇ | ၁၂၂ | ၈ | ၁ | ၀ | ၉ |
| ကချင်ပြည်နယ် | ၅၄ | ၅၀ | ၁၀၄ | ၁၀၂ | ၅ | ၁ | ၁၀၈ |
| ရှမ်းပြည်နယ် | ၅၆ | ၄၈ | ၁၀၄ | ၈ | ၁၂ | ၁ | ၂၁ |
| ချင်းပြည်နယ် | ၂၆ | ၃၈ | ၆၄ | ၇၆ | ၂ | ၀ | ၇၈ |
| မွန်ပြည်နယ် | ၁၅ | ၂၉ | ၄၄ | ၁၈ | ၀ | ၀ | ၁၈ |
| ပဲခူးတိုင်း | ၁၅ | ၂၀ | ၃၅ | ၁၁၅ | ၀ | ၀ | ၁၁၅ |
| မကွေးတိုင်း | ၃ | ၂၀ | ၂၃ | ၆၂၂ | ၂ | ၁ | ၆၂၅ |
| စစ်ကိုင်းတိုင်း | ၃ | ၁၆ | ၁၉ | ၃၁ | ၀ | ၀ | ၃၁ |
| ကရင်ပြည်နယ် | ၉ | ၉ | ၁၈ | ၇ | ၁ | ၀ | ၈ |

# အနှစ်ချုပ်

၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ ND-Burma အဖွဲ့ဝင်များ မှတ်တမ်းတင်နေသည့် ဒေသအသီးသီးတွင် ဆိုးရွားပြင်းထန်သော လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပွားနေကြောင်း ဆက်လက်မှတ်တမ်းတင်နိုင်ခဲ့ကြသည်။ နိုင်ငံတစ်ဝန်းတွင် စစ်အာဏာရှင်အဖွဲ့သည် လူ့အခွင့်အရေးချိုးဖောက်မှုများကို ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျ ကျူးလွန်နေသော်လည်း တာဝန်ယူ တာဝန်ခံမှုမရှိဘဲ ဆက်လက်ကျူးလွန်လျက်ရှိသည်။ လေကြောင်းတိုက်ခိုက်မှုများနှင့် အသက်ကယ်ကူညီရေးအတွက် အရေးကြီးသည့် အကူအညီများကို ဆက်လက်ပိတ်ဆို့တားဆီးနေခြင်းတို့ကြောင့် မြန်မာနိုင်ငံ၏ အခြေအနေမှာ ပိုမိုဆိုးရွားလာကြောင်း ကုလ သမဂ္ဂက အသိအမှတ်ပြုထားသည်။

စစ်တပ်သည် လူ့အခွင့်အရေးဆိုင်ရာ စံနှုန်းများ၊ ဥပဒေများနှင့် အခြေခံမူများကို လျစ်လျူရှုနေသော်လည်း နိုင်ငံခြားအစိုးရများနှင့် အဖွဲ့အစည်းများသည် လက်နက်နှင့် စစ်ဘက်ဆိုင်ရာ ပစ္စည်းများ လွှဲပြောင်းပေးခြင်းအပါအဝင် စစ်အာဏာရှင်အဖွဲ့နှင့် ဆက်လက်ထိတွေ့ဆက်ဆံလျက်ရှိသည်။[25] တရုတ်နိုင်ငံ၊ ရုရှားနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အပါအဝင် နိုင်ငံများသည် လေယာဉ်များနှင့် အဆင့်မြင့် စောင့်ကြည့် ထောက်လှမ်းရေးနည်းပညာများကို ထောက်ပံ့ကူညီပေးခဲ့ပြီး အဆိုပါလက်နက်များကို အပြစ်မဲ့ပြည်သူများအား ဗုံးကြဲတိုက်ခိုက်ခြင်းနှင့် သတ်ဖြတ်ခြင်းများတွင် အသုံးပြုခဲ့သည်။

ပဋိပက္ခဒဏ်ခံစားနေရသည့် လူထုများကို ကာကွယ်ပေးနိုင်ရန်အတွက် စစ်တပ်နှင့် ဆက်ဆံရေးများကို ရပ်တန့်ရန်နှင့် ပြတ်ပြတ်သားသား ကန့်ကွက်ရှုတ်ချရန် လိုအပ်သည်။ ထိုသို့မလုပ်ဆောင်ပါက စစ်အာဏာရှင်အဖွဲ့၏ ရက်စက်ကြမ်းကြုတ်မှုများတွင် ပူးပေါင်းပါဝင်ရာ ရောက်မည်ဖြစ်သည်။

ဒီမိုကရေစီရေး လှုပ်ရှားမှု ပိုမိုကျယ်ပြန့်လာသည်နှင့်အမျှ လူတိုင်း၏ အခွင့်အရေးကို လေးစားသည့် မဟာမိတ်များ တည်ဆောက်ရန် လိုအပ်သည်။

မြန်မာပြည်သူလူထု သည် မိမိတို့၏ နေအိမ်များမှ ထွက်ခွာတိမ်းရှောင်၍ IDPs အဖြစ် နေထိုင်ကြရသည်။ စစ်တပ်၏ ပစ်မှတ်ထားခံနေရသည့် ဒေသများတွင် အကြမ်းဖက်မှုများ ဆက်တိုက်ဖြစ်ပွားနေသည်ကို ND-Burma အဖွဲ့ဝင်များက မှတ်တမ်းတင်ခဲ့ကြပြီး ယင်းအခြေက အကြောက်တရားများ ဆက်လက်ဖြစ်ပေါ်နေသည့် ပတ်ဝန်းကျင်တရပ်ကို ဖန်တီးလျှက်ရှိသည်။ သို့သော်လည်း အဖွဲ့ဝင်အားလုံးသည် အရပ်သားများ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ကာကွယ်ပေးရေးအတွက် ဆက်လက်တက်ကြွစွာ ပါဝင်ဆောင်ရွက်ပြီး တောင်းဆိုလျှက်ရှိသည်။

25 Myanmar: Foreign indifference compounds suffering of civilians – UN report, 22 June 2026

Armed Conflict Location and Event Data (ACLED) ၏ နောက်ဆုံးထုတ်ပြန်သည့် အချက်အလက်များအရ အာဏာသိမ်းမှုဖြစ်ပွားပြီးနောက် တစ်ရက်လျှင် လူ ၅၁ ဦး အသက်ဆုံးရှုံးနေကြောင်း ဖော်ပြထားသည်။ ယင်းအချက်အလက်များနှင့် ပတ်သက်၍ ချင်းလူ့အခွင့်အရေးအဖွဲ့ (CHRO) က အဆိုပါကိန်းဂဏန်းများသည် အချက်အလက်သက်သက်သာ မဟုတ်ကြောင်း အလေးပေးပြောကြားခဲ့သည်။ *"ဒါတွေဟာ စာရင်းဇယားတွေ သက်သက်မဟုတ်ပါဘူး။ သူတို့ဟာ ကလေးတွေ၊ မိဘတွေ၊ ဆရာ၊ ဆရာမတွေ၊ တောင်သူလယ်သမားတွေ၊ ကျန်းမာရေးဝန်ထမ်းတွေနဲ့ သူတို့ရဲ့ အနာဂတ်တွေကို လုယူခံ လိုက်ရတဲ့ လူထုအသိုင်းအဝိုင်းတွေ ဖြစ်ပါတယ်။"* [26]

အမှန်တကယ်အားဖြင့် ထိခိုက်နစ်နာသူများအနက် အများအပြားမှာ အမျိုးသမီးများနှင့် ကလေးများဖြစ်ပြီး ၎င်းတို့၏ ဘဝနောက်ဆုံးအချိန်များကို အကြောက်တရားများကြားတွင် ဖြတ်သန်းခဲ့ကြရသည်။

ND-Burma အဖွဲ့ဝင်များသည် မိမိတို့ အခြေစိုက်ရာဒေသများတွင် အတင်းအကျပ် စစ်မှုထမ်းစေမှုများ မြင့်တက်လာနေကြောင်းလည်း မှတ်တမ်းတင်တင်ပြခဲ့ကြပြီး အထူးသဖြင့် မွန်ပြည်လူ့အခွင့်အရေး ဖောင်ဒေးရှင်း (HURFOM) က ယင်းအခြေအနေကို အလေးပေးဖော်ပြခဲ့သည်။ HURFOM ၏ ၂၀၂၆ ခုနှစ် ဇွန်လ လစဉ်အခြေအနေ အစီရင်ခံစာတွင် စစ်အာဏာရှင်အဖွဲ့ကို ထောက်ခံသည့် အာဏာပိုင်များက အတင်းအကျပ်စစ်မှုထမ်းစေမှု လုပ်ငန်းစဉ်အတွက် ရန်ပုံငွေများရရှိရန် ဒေသခံလူထုထံမှ ပုံမှန်ငွေကြေးကောက်ခံလျှက်ရှိကြောင်း ဖော်ပြထားသည်။ မွန်ပြည်နယ်တွင် စစ်အာဏာရှင်အဖွဲ့က ခန့်အပ်ထားသည့် အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူ့စစ်အဖွဲ့များသည် စစ်မှုထမ်းစေခြင်းဆိုင်ရာ ကုန်ကျစရိတ်များအတွက် အသုံးပြုရန်ဖြစ်သည်ဟုဆိုကာ မော်လမြိုင်မြို့ရှိ အိမ်ထောင်စုများထံမှ ငွေကြေးများ ကောက်ခံလျှက်ရှိသည်။[27]

သာမန်အိမ်ထောင်စုများအနေဖြင့် တစ်အိမ်ထောင်လျှင် မြန်မာကျပ်ငွေ ၁၀,၀၀၀ ပေးဆောင်ရန် သတ်မှတ်ခံရပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ချမ်းသာကြွယ်ဝသူများထံမှမူ မြန်မာကျပ်ငွေ ၁၀၀,၀၀၀ မှ ၅၀၀,၀၀၀ အထိ ပေးဆောင်ရန် တောင်းခံခဲ့ကြောင်း သိရသည်။[28]

အတုအယောင်ရွေးကောက်ပွဲသည် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေ ဆိုးရွားစွာ နောက်ပြန်ဆုတ် ကျဆင်းလာစေသည့် နောက်ထပ်ခြေလှမ်းတရပ် ဖြစ်ခဲ့သည်။ အစီရင်ခံသည့်ကာလအတွင်း တတိယအဆင့် ရွေးကောက်ပွဲကျင်းပပြီးစီးကြောင်းနှင့် စစ်အာဏာရှင်တို့ ပံ့ပိုးနောက်ခံပြုထားသည့် အဖွဲ့က အနိုင်ရရှိကြောင်း ကြေညာခဲ့သော်လည်း အရပ်ဖက်အဖွဲ့အစည်းများကမူ စစ်အာဏာရှင်အဖွဲ့၏ ပြည်သူများအပေါ် အခွင့်အရေး ချိုးဖောက်နေမှုများကို ဆက်လက်မှတ်တမ်းတင်ခဲ့ကြသည်။

26 See CHRO on X
27 Monthly Overview: June 2026, The Human Rights Foundation of Monland, 29 June 2026
28 Ibid

ND-Burma အဖွဲ့ဝင် အဖွဲ့အစည်းတစ်ခုဖြစ်သည့် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) က အတုအယောင် ရွေးကောက်ပွဲ၏ သက်ရောက်မှုများကို လေ့လာသုံးသပ်ခဲ့ပြီး စစ်အာဏာရှင်အဖွဲ့၏ "ရက် ၁၀၀ စီမံချက်" သည် ငြိမ်းချမ်းရေး ဖော်ဆောင်ရန် အစီအစဉ်တစ်ရပ် မဟုတ်ကြောင်း ကောက်ချက်ချခဲ့သည်။ ယင်းအစား စစ်အာဏာရှင်အဖွဲ့သည် အပြစ်မဲ့ကလေးများ၊ အမျိုးသမီးများ၊ စာသင်ကျောင်းများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများကို လေကြောင်းမှ ဆက်လက်တိုက်ခိုက်နေပြီး ပြည်သူများအပေါ် အကြောက်တရားနှင့် ဖိနှိပ်မှုများဖြင့် ထိန်းချုပ်လျှက်ရှိ[29]သည်။

ထို့အပြင် AAPP က လက်ရှိဖြစ်ပွားနေသည့် အကျပ်အတည်းအတွင်း အကူအညီလိုအပ်နေသောကလေးများအား ပိုမိုထိရောက်စွာ ကာကွယ်ပေးရန် တောင်းဆိုခဲ့သည်။ AAPP ၏ အဆိုအရ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ စစ်အာဏာသိမ်းမှုမှ ၂၀၂၆ ခုနှစ် ဇွန်လကုန်အထိ စစ်အာဏာရှင်အဖွဲ့၏ အကြမ်းဖက်မှုများကြောင့် ကလေး ၁,၀၈၃ ဦး သေဆုံးခဲ့သည်။[30]

မြန်မာပြည်သူများသည် စစ်အုပ်ချုပ်မှုမှလွတ်မြောက်သည့် အနာဂတ်တရပ်အတွက် မိမိတို့၏ ရဲစွမ်းသတ္တိနှင့် မျှော်လင့်ချက်များကို စွန့်လွှတ်ခဲ့ခြင်းမရှိသေးပေ။ ဆင်းရဲဒုက္ခများကို ခံစားနေရသော်လည်း ပြောင်းလဲမှုများ ဖြစ်ပေါ်လာစေရန် ဆန္ဒပြမှုများ၊ ဖန်တီးမှုအခြေပြု လှုပ်ရှားမှုများနှင့် မိမိတို့ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို ပြန်လည်မျှဝေခြင်းများမှတစ်ဆင့် အသံထုတ်ဖော်ပြောဆိုနေကြသည့် ပြည်သူများ၏ ခိုင်မာအားကောင်းမှုကို ND-Burma အဖွဲ့ဝင်များ တွေ့မြင်ခဲ့ကြသည်။ ငြိမ်းချမ်းစွာ လှုပ်ရှားမှုများကို စစ်အာဏာရှင်အဖွဲ့က အကြမ်းဖက်နည်းလမ်းများဖြင့် ဖြိုခွင်းနေသည့်ကြားမှ ပြည်သူတို့သည် ၎င်းတို့၏ ရည်မှန်းချက်အပေါ် ခိုင်မာစွာ ဆက်လက်ရပ်တည်လျှက်ရှိသည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၆ ခုနှစ် ဇွန်လအထိ မြန်မာနိုင်ငံတစ်ဝန်းတွင် စစ်အာဏာရှင်အဖွဲ့နှင့် တော်လှန်ရေးအင်အားစုများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား လက်နက်ကိုင်တိုက်ပွဲ ပေါင်းခန့်မှန်းခြေ ၁၉,၃၄၃ ခု ဖြစ်ပွားခဲ့ကြောင်း မှတ်တမ်းတင်ထားသည်။[31]

ဆက်လက်ဖြစ်ပွားနေသည့် ပဋိပက္ခများကြောင့် နိုင်ငံတစ်ဝန်းရှိ အပြစ်မဲ့ပြည်သူ လူထု၏ လုံခြုံရေးကို ခြိမ်းခြောက်လျှက်ရှိသည့်အတွက် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် စစ်အာဏာရှင်အဖွဲ့က ပြောဆိုနေသည့် အကြောင်းအရာများကို အာရုံစိုက်၍ ထိုသို့ ပြောဆိုချက်များသည် မြေပြင်ရှိ အမှန်တကယ် အခြေအနေများနှင့် မည်သို့ကွာခြားနေသည်ကို ပိုမိုအလေးထားရန် လိုအပ်သည်။ မြေပြင်အခြေအ နေမှာ ပုံမှန်အခြေအနေတစ်ရပ်မဟုတ်ဘဲ ကြီးမားပြင်းထန်သည့် ရုန်းကန်မှုများနှင့် ရင်ဆိုင်နေရသည့် အခြေအနေဖြစ်ကြောင်း ထင်ရှားနေပြီး နိုင်ငံတကာ၏ တုံ့ပြန်ဆောင်ရွက်မှုများသည် ထိုအခြေအနေကို တင်ပြဆောင်ရွက်ရမည်ဖြစ်သည်။

29 May, 2026 Monthly Chronology, The Assistance Association for Political Prisoners, 3 June 2026
30 The Child Rights Crisis in Burma, The Assistance Association for Political Prisoners, 1 July 2026
31 Changing Conflict Dynamics in Myanmar, DVB data analysis based on the Armed Conflict Location & Event Data (ACLED) project, 13 July 2026

မြန်မာပြည်သူများကို ထောက်ခံအားပေးခြင်းဆိုသည်မှာ စစ်အာဏာရှင်အဖွဲ့နှင့် ဆက်နွယ်သည့် ကုမ္ပဏီများ၊ ကိုယ်စားလှယ်များနှင့် လက်ရှိရှိနေသည့် ဆက်ဆံရေးအားလုံးကို ရပ်တန့်ခြင်းလည်းဖြစ်သည်။ စစ်တပ်သည် ငြိမ်းချမ်းရေးအတွက် မိတ်ဖက်တစ်ရပ်မဟုတ်သကဲ့သို့ နိုင်ငံ၏ အကျိုးစီးပွားတိုးတက်ရာ တိုးတက်ကြောင်း ဖော်ဆောင်ရန် ရည်ရွယ်သည့် မည်သည့်ဆွေးနွေးမှုတွင်မဆို ယုံကြည် စိတ်ချရသည့် မဟာမိတ်တစ်ရပ်လည်း မဟုတ်ပေ။ မင်းအောင်လှိုင်သည် စစ်ရာဇဝတ်ကောင် တဦးဖြစ်ပြီး ICC အမှုလိုက်အရာရှိချုပ်က ဖမ်းဝရမ်းထုတ် ပေးရန် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံး (ICC) က တရားသူကြီးများထံ တောင်းဆိုခံထားရသူ ဖြစ်သည်။

ပိုမိုဆိုးရွားလာနေသည့် လူ့အခွင့်အရေး အကျပ်အတည်းသည် စစ်အာဏာရှင်အဖွဲ့၏ ကျူးကျော်တိုက်ခိုက်မှုများနှင့် အကျင့်ပျက်ခြစားမှုများကြောင့် ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ ဤအစီရင်ခံစာတွင် ဖော်ပြထားသည့် အထောက်အထားများအရ စစ်တပ်၏ ပြစ်ဒဏ်ကင်းလွတ်ခွင့်သည် ဆက်လက်တည်ရှိနေပြီး စစ်အာဏာရှင်အဖွဲ့အနေဖြင့် ၎င်းတို့ကျူးလွန်မှုအတွက် တာဝန်ယူ၊ တာဝန်ခံရန်မှာ အချိန်ကြာမြင့်နေပြီဖြစ်သည်။ အောက်ဖော်ပြပါအခန်းများတွင် ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ ND–Burma အဖွဲ့ဝင်များက ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတွင် မှတ်တမ်းတင်ထားသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဖော်ပြထားသည်။

## မတရားဖမ်းဆီးခြင်းနှင့် ထိန်းသိမ်းခြင်း

မြန်မာနိုင်ငံတွင် မတရားဖမ်းဆီးခြင်းနှင့် ဥပဒေမဲ့ ထိန်းသိမ်းခြင်းများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားနေပြီး စစ်အာဏာရှင်အဖွဲ့က သဘောထားကွဲလွဲမှုများနှင့် ဆန့်ကျင်မှုများအားလုံးကို ဖိနှိပ်ရန်အတွက် ထိုသို့ မတရားအသုံးပြုလျက်ရှိသည်။ အာဏာသိမ်းပြီးနောက် တက်ကြွလှုပ်ရှားသူများ၊ သတင်းသမားများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် နိုင်ငံရေးခေါင်းဆောင်များအပါအဝင် လူပေါင်းသောင်းနှင့်ချီ၍ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည်။ ၎င်းတို့ကို ပုံမှန်အားဖြင့် မိသားစုများနှင့် အဆက်အသွယ်ဖြတ်တောက်ထားခြင်း၊ တရားစွဲဆိုမှုမရှိဘဲ ထိန်းသိမ်းထားခြင်းများ ပြုလုပ်ခဲ့ပြီး လျှို့ဝှက်နေရာများတွင် ညှဉ်းပန်းနှိပ်စက်ခြင်း သို့မဟုတ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို ခံစားခဲ့ကြရသည်။

စစ်အာဏာရှင်အဖွဲ့၏ ဆက်လက်လုပ်ဆောင်နေသည့် အတင်းအကျပ် စစ်မှုထမ်းစေမှုကြောင့် လူငယ်အမျိုးသားများနှင့် အမျိုးသမီးများကို ပစ်မှတ်ထား ဖမ်းဆီးထိန်းသိမ်းပြီး ၎င်းတို့၏ ဆန္ဒမပါဘဲ စစ်တပ်တွင် စစ်မှုထမ်းရန် အတင်းအကျပ် စေခိုင်းလျက်ရှိသည်။

ND–Burma အဖွဲ့ဝင်များသည် မတရားဖမ်းဆီးခံရမှု ဖြစ်စဉ် (၄၄) ခုကို မှတ်တမ်းတင်ခဲ့သည်။




## လာဘ်ပေးလာဘ်ယူမှုနှင့် ငွေညှစ်မှု

လာဘ်ပေးလာဘ်ယူမှုနှင့် ငွေညှစ်မှုများသည် စနစ်အတွင်း နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေသည့် ပြဿနာများဖြစ်ပြီး ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုနောက်ပိုင်းတွင် သိသိသာသာ ပိုမိုဆိုးရွားလာခဲ့သည်။ ဥပဒေစိုးမိုးမှု ပျက်စီးယိုယွင်းလာခြင်းကြောင့် အာဏာပိုင်များနှင့် ရာဇဝတ်မှုကျူးလွန်သည့် ကွန်ရက်များသည် ပြစ်ဒဏ်ကင်းလွတ်ခွင့်နီးပါးဖြင့် လုပ်ဆောင်နိုင်သည့် အခြေအနေသို့ ရောက်ရှိလာခဲ့သည်။

ND-Burma အဖွဲ့ဝင်များသည် အတင်းအဓမ္မအခွန်ကောက်ခံခြင်း ဖြစ်စဉ် (၈) ခုကို မှတ်တမ်းတင်ခဲ့သည်။



## အတင်းအကျပ် ပျောက်ဆုံးမှုများ (လက်စတုန်း ဖျောက်ဖျက်မှုများ)

အတင်းအကျပ် ပျောက်ဆုံးစေခြင်းသည် အဓိကအားဖြင့် စစ်အာဏာရှင်အဖွဲ့က ကျူးလွန်နေသည့် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားနေသော လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများအနက် တခု ဖြစ်သည်။ စစ်အာဏာရှင်အဖွဲ့၏ တပ်ဖွဲ့များသည် နိုင်ငံရေးသဘောထားကွဲလွဲသူများ၊ သတင်းသမားများ၊ တက်ကြွလှုပ်ရှားသူများနှင့် အရပ်သားများကို ပုံမှန်ဖမ်းဆီးခေါ်ဆောင်သွားပြီး မကြာခဏဆိုသလို လျှို့ဝှက် စစ်ဆေးမေးမြန်းရေးစင်တာများတွင် မိသားစုများနှင့် အဆက်အသွယ်ဖြတ်တောက်၍ ထိန်းသိမ်းထားလေ့ရှိ သည်။ AAPP ၏ မှတ်တမ်းများအရ ထိန်းသိမ်းခံရသူများသည် ဥပဒေအရ ကိုယ်စားပြုကာကွယ်ပေးသူ မရှိ ဘဲ ပြင်းထန်စွာ ညှဉ်းပန်းနှိပ်စက်ခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့် တရားစီရင်မှုမရှိဘဲ သတ်ဖြတ် ခြင်းများကို ရင်ဆိုင်ကြရသည်။ ထို့အပြင် ကျေးလက်ဒေသများတွင် စစ်ဆင်ရေးများအတွင်း ရွာသားများကို လူသားဒိုင်းအဖြစ် အသုံးပြုရန် သို့မဟုတ် အတင်းအကျပ် လုပ်အားပေးခိုင်းစေရန် မကြာခဏဖမ်းဆီးခေါ် ဆောင်သွားခြင်းမှာလည်း စိုးရိမ်ဖွယ်ရာ ဖြစ်သည်။[32]
အဆိုပါဒေသအလိုက် ဖြစ်ပွားနေသည့် အတင်းအကျပ် ပျောက်ဆုံးစေမှုများကို ထုတ်ဖော်ရာတွင် လက်တုံ့ပြန်ခံရမည်ကို စိုးရိမ်ခြင်းကြောင့် အစီရင်ခံတင်ပြမှု အလွန်နည်းပါးလေ့ရှိသည်။

အစီရင်ခံသည့်ကာလအတွင်း အတင်းအကျပ် ပျောက်ဆုံးစေမှု ဖြစ်စဉ်များကို မှတ်တမ်းတင်ထားခြင်း မရှိသော်လည်း ယင်းသည် စစ်အာဏာရှင်အဖွဲ့က အတိုက်အခံများကို နှုတ်ဆိတ်နေစေရန်နှင့် အကြောက် တရားများ လွှမ်းမိုးနေသည့် ပတ်ဝန်းကျင်တစ်ရပ်ကို ရည်ရွယ်ချက်ရှိရှိ ဖန်တီးရန် အသုံးပြုနေသည့် ပုံမှန် နည်းလမ်းတစ်ရပ် ဖြစ်သည်။

## တရားဥပဒေမဲ့ သတ်ဖြတ်မှုများ

စစ်အာဏာရှင်အဖွဲ့သည် ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျ တရားဥပဒေမဲ့ သတ်ဖြတ်မှုများကို ကျူး လွန်လျက်ရှိသည်။ စစ်အာဏာရှင်အဖွဲ့သည် အတိုက်အခံများကို ပစ်မှတ်ထားပြီး သတ်ဖြတ်ခြင်းမပြု မီ မမှန်ကန်သည့် ထွက်ဆိုချက်များ ရရှိစေရန် ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် "သတ်ဖြတ်ရေးအဖွဲ့များ" (death squads) ကို အသုံးပြုလျက်ရှိသည်။[33] အခြားဖြစ်စဉ်များတွင် နိုင်ငံရေးအကျဉ်းသားများကို အကျဉ်းထောင် အတွင်းမှ နေရာပြောင်းရွှေ့မည်ဟု အကြောင်းပြကာ ခေါ်ဆောင်သွားပြီးနောက် စစ်အာဏာရှင်အဖွဲ့က သတ် ဖြတ်လေ့ရှိသည်။[34] လက်နက်ကိုင်ပဋိပက္ခများ အတောမသတ် ဆက်လက်ဖြစ်ပွားနေသည့် ကျေးလက်ဒေသ များတွင် စစ်အာဏာရှင်အဖွဲ့၏ စစ်သားများသည် ဒေသခံရွာသားများနှင့် ဘာသာရေးခေါင်းဆောင်များ အပါ အဝင် ဒေသခံပြည်သူလူထုကို ကွပ်မျက်သတ်ဖြတ်လျက်ရှိသည်။

32 In the Dark - The crime of enforced disappearance and its impacts on the rural communities of Southeast Burma since the 2021 coup, Karen Human Rights Group, 8 November 2023
33 Myanmar military regime accused of murdering political prisoners, Al Jazeera, 14 July 2023
34 Myanmar's urban assassins, Al Jazeera, 12 November 2025

ND-Burma အဖွဲ့ဝင်များသည် တရားဥပဒေမဲ့ သတ်ဖြတ်ခံရမှု ဖြစ်စဉ် (၁၁၉) ခုကို မှတ်တမ်းတင်ခဲ့သည်။




## အတင်းအကျပ် လုပ်အားပေးခိုင်းစေခြင်း

အတင်းအကျပ် လုပ်အားပေးခိုင်းစေခြင်းသည် မြန်မာနိုင်ငံရှိ နက်ရှိုင်းစွာ အမြစ်တွယ်နေသည့် လူ့အခွင့်အရေး အကျပ်အတည်းတွင် စနစ်တကျကျူးလွန်နေသည့် ကိစ္စတရပ်ဖြစ်သည်။ ယင်းပြဿနာတွင် နိုင်ငံတော်က ပံ့ပိုးထားသည့် စစ်ရေးဆိုင်ရာ လုပ်ဆောင်မှုများ၊ ခေတ်သစ် အွန်လိုင်း ကျွန်ပြုမှုများနှင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများအတွင်း ပြင်းထန်စွာ အမြတ်ထုတ်ခံရမှုများပါဝင်သည်။ ဥပမာအားဖြင့် စစ်သားများက အမျိုးသမီးနှင့် ကလေးများအပါအဝင် အရပ်သားများကို အတင်းအကျပ် ဖမ်းဆီးခေါ်ဆောင်ကာ အထမ်းသမားများအဖြစ် အသုံးပြုကြသည်။ ထို့နောက် ၎င်းတို့အား လုပ်ခလစာ သို့မဟုတ် အကာအကွယ် တစ်စုံတစ်ရာမပေးဘဲ ပဋိပက္ခဖြစ်ပွားရာဒေသများကို ဖြတ်သန်း၍ လေးလံသည့် စစ်ဘက်ဆိုင်ရာ ထောက်ပံ့ရေးပစ္စည်းများ၊ အစားအစာနှင့် လက်နက်များကို သယ်ဆောင်စေသည်။

ND-Burma အဖွဲ့ဝင်များသည် ရှမ်းပြည်နယ်တွင် အတင်းအကျပ် လုပ်အားပေးစေမှု ဖြစ်စဉ်တစ်ခုကို မှတ် တမ်းတင်ခဲ့သည်။

## အတင်းအကျပ် နေရပ်ရွှေ့ပြောင်းစေခြင်း

စစ်အာဏာရှင်အဖွဲ့၏ အကြမ်းဖက်မှုများကြောင့် အရပ်သား ထောင်ပေါင်းများစွာသည် မိမိတို့၏ နေအိမ်များမှ အတင်းအကျပ် ထွက်ပြေး တိမ်းရှောင်ကြရသည်။ ND-Burma အဖွဲ့ဝင်များအခြေစိုက်ရာ ဒေသများတွင် တိုက်ပွဲများ၏ အတိုင်းအတာနှင့် ဖြစ်ပွားမှုအကြိမ်ရေ ပိုမိုမြင့်တက်လာခြင်းကြောင့် နေရပ်စွန့်ခွာထွက်ပြေးရသူ အရေအတွက်လည်း တိုးပွားလာခဲ့သည်။ အောက်ဖော်ပြပါ ကိန်းဂဏန်းများသည် အဖွဲ့ဝင်များနှင့် ၎င်းတို့၏ ကွန်ရက်များမှတစ်ဆင့် မှတ်တမ်းတင်ထားသည့် အချက်အလက်များ ဖြစ်သည်။

- မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးရှိ HURFOM ၏ သက်ဆိုင်ရာဒေသများတွင် ၂၀၂၆ ခုနှစ် ဇွန်လကုန်အထိ ပြည်တွင်းနေရပ်စွန့်ခွာသူ (IDP) ၈၄,၃၀၀ ဦးကို မှတ်တမ်းတင်ထားသည်။

- ထားဝယ်အမျိုးသမီးသမဂ္ဂ (TWU) ၏ အစီရင်ခံချက်အရ ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအတွင်း ထားဝယ်ခရိုင်ရှိ သရက်ချောင်း၊ လောင်းလုံး၊ ရေဖြူနှင့် ထားဝယ်မြို့နယ်များရှိ ကျေးရွာအများအပြားတွင် စစ်အာဏာရှင်အဖွဲ့၏ တပ်ဖွဲ့များဝင်ရောက်လာခြင်း၊ လေကြောင်းတိုက်ခိုက်မှုများနှင့် နှစ်ဖက် လက်နက်ကိုင်တိုက်ပွဲများကြောင့် ဒေသခံပြည်သူ ၂၀,၀၀၀ ကျော်သည် မိမိတို့၏ နေအိမ်များမှ အတင်း အကျပ် ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

- တအာင်းအမျိုးသမီးအဖွဲ့ (TWO) သည် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ပြည်တွင်းနေရပ်စွန့်ခွာသူ ၄,၃၇၀ ဦးကို မှတ်တမ်းတင်ထားသော်လည်း အမှန်တကယ် အရေအတွက်မှာ ယင်းထက်များစွာ ပိုမိုနိုင်ကြောင်း ခန့်မှန်းထားသည်။ ဒေသအတွင်း တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေခြင်းကြောင့် အချက်အလက်များကို အပြည့်အစုံ မှတ်တမ်းတင်ရန် အခက်အခဲများရှိနေကြောင်း TWO က ဖော်ပြထားသည်။

- ကချင်အမျိုးသမီးအစည်းအရုံး-ထိုင်းနိုင်ငံ (KWAT) ၏ မှတ်တမ်းများအရ ၂၀၂၄ ခုနှစ်မှ ၂၀၂၆ ခုနှစ် ဇွန်လအထိ နေရပ်စွန့်ခွာထွက်ပြေးရသူ ၈၁,၅၇၁ ဦး ရှိသည်။

- ပအိုဝ်းလူငယ်အဖွဲ့ (PYO) ၏ မှတ်တမ်းများအရ ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအတွင်း အိမ်ထောင်စု ၆,၂၆၉ စု၊ လူဦးရေအားဖြင့် အရပ်သား ၂၃,၉၆၄ ဦး နေရပ်စွန့်ခွာထွက်ပြေးခဲ့ရသည်။

စစ်အာဏာရှင်အဖွဲ့သည် ဒေသခံတော်လှန်ရေးအင်အားစုများအပေါ် ထောက်ခံမှုများကို ကန့်သတ်ရန်နှင့် အငြင်းပွားနေသည့် နယ်မြေများအပေါ် ထိန်းချုပ်မှုရရှိရန် ကြမ်းတမ်းစွာ ကြိုးပမ်းသည့်အနေဖြင့် တိုင်းရင်းသား ပြည်သူများကို ဆယ်စုနှစ်များစွာကြာ အတင်းအကျပ် နေရပ်ရွှေ့ပြောင်းစေခဲ့သည်။ စစ်တပ်သည် ပြည်သူလူထုကို မိမိတို့၏ ကျေးရွာများမှ ထွက်ခွာစေရန် အကြမ်းဖက်နည်းလမ်းများကို အသုံးပြုလျှက်

ရှိပြီး ကျေးရွာတစ်ရွာလုံးကို မီးရှို့ဖျက်ဆီးခြင်းအပါအဝင် "မြေလှန်စနစ်" နည်းလမ်းများကိုလည်း အသုံးပြုခဲ့သည်။ ပဋိပက္ခဒဏ်ခံစားနေရသည့် အဆိုပါ ပြည်သူလူထုသည် အသက်ကယ် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီများကို ဆက်လက်၍ အရေးတကြီး လိုအပ်လျက်ရှိသည်။

ND-Burma အဖွဲ့ဝင်များက အတင်းအကျပ် နေရပ်ရွှေ့ပြောင်းစေမှု ဖြစ်စဉ် ၂ ခုကို မှတ်တမ်းတင်ခဲ့ပြီး တခုမှာ မွန်ပြည်နယ်တွင် ဖြစ်ပွားခဲ့ကာ တခုမှာ ကရင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည်။

## မြင်မြင်သမျှ ခွဲခြားမှုမရှိ ပစ်ခတ်တိုက်ခိုက်မှုများ

စစ်အာဏာရှင်အဖွဲ့၏ ခွဲခြားမှုမရှိ ပစ်ခတ်တိုက်ခိုက်မှုများနှင့် လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုများသည် မြန်မာနိုင်ငံ၏ ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခ၏ အဓိကလက္ခဏာတစ်ရပ် ဖြစ်လာခဲ့သည်။ ထိုသို့ တိုက်ခိုက်မှုများသည် အရပ်သားများ၊ နေရပ်စွန့်ခွာသူများ၏ စခန်းများ၊ စာသင်ကျောင်းများနှင့် ဆေးဘက်ဆိုင်ရာ အဆောက်အအုံများကို မကြာခဏ ပစ်မှတ်ထားတိုက်ခိုက်လေ့ရှိပြီး လူအများအပြား ထိခိုက်သေဆုံးမှုများနှင့် ကျယ်ပြန့်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပေါ်စေခဲ့သည်။ ND-Burma အဖွဲ့ဝင်များ အခြေစိုက်ရာဒေသများအားလုံးတွင် ခွဲခြားမှုမရှိ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အရပ်သားများ၏ ဘေးကင်းလုံခြုံရေးအတွက် အရေးတကြီး စိုးရိမ်ရသည့် အခြေအနေတရပ်ဖြစ်နေသည်။

စစ်တပ်သည် ပွဲထိန်းစနစ်မပါသော လေကြောင်းမှပစ်ချသည့် လက်နက်များနှင့် အမြောက်ကြီးများကို လူနေထူထပ်သည့် ဒေသများနှင့် ပြည်သူလူထု အသုံးပြုသည့် အဆောက်အအုံများအတွင်းသို့ ပုံမှန် ပစ်ခတ်တိုက်ခိုက်လျက်ရှိသည်။ လူ့အခွင့်အရေးအဖွဲ့များနှင့် ကုလသမဂ္ဂတို့က အဆိုပါ တိုက်ခိုက်မှုများသည် တရားဝင် စစ်ရေးပစ်မှတ်များနှင့် အရပ်သားများအကြား မခွဲခြားဘဲ တိုက်ခိုက်ခြင်းဖြစ်ကြောင်း မှတ်တမ်းတင်ထားပြီး ယင်းလုပ်ရပ်များသည် စစ်ရာဇဝတ်မှုများနှင့် အကျုံးဝင်နိုင်သည်။[35] ခွဲခြားမှုမရှိ တိုက်ခိုက်မှုများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများအား ပိတ်ဆို့တားဆီးမှုများကြောင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကပ်ဘေးတရပ် အကြီးအကျယ် ဖြစ်ပေါ်လာခဲ့သည်။ လူသန်းပေါင်းများစွာ နေရပ်စွန့်ခွာထွက်ပြေးခဲ့ရပြီး ထိခိုက်လွယ်သည့် လူထုများသည် အစားအစာ၊ နေ စရာနှင့် ဆေးဝါးကုသမှုများ မရရှိနိုင်ဘဲ ဖြစ်နေကြသည်။

ND-Burma အဖွဲ့ဝင်များသည် စစ်ဘက်ဆိုင်ရာ လက်နက်အသုံးပြုတိုက်ခိုက်မှု အမျိုးအစား အမျိုးမျိုးကို မှတ်တမ်းတင်ခဲ့ပြီး ယင်းတို့တွင် လေကြောင်းတိုက်ခိုက်မှု ၆၂ ခု၊ ဒရုန်းတိုက်ခိုက်မှု ၃၃ ခု၊ အမြောက်ပစ်ခတ်မှု ၅၁ ခုနှင့် ပစ်ခတ်တိုက်ခိုက်မှု ၂၇ ခု ပါဝင်သည်။

35 "How can we survive in the future?" Report on atrocity crimes in Karenni State, The Karenni Human Rights Group, the Kayan Women's Organization, the Karenni National Women's Organization, and the Kayah State Peace Monitoring Network, 6 February 2023

## မြေမြှုပ်မိုင်း

မြန်မာနိုင်ငံသည် လက်ရှိတွင် မြေမြှုပ်မိုင်းကြောင့် ကမ္ဘာပေါ်တွင် ထိခိုက်သေဆုံးမှု အများဆုံး ဖြစ်ပွားသည့် နိုင်ငံဖြစ်လာပြီး နိုင်ငံတစ်ဝန်းရှိ မြို့နယ်များ၏ ၃၆ ရာခိုင်နှုန်းတွင် မြေမြှုပ်မိုင်းအန္တရာယ်ရှိနေပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးတွင် ထိခိုက်သက်ရောက်မှုရှိနေသည်။[36] စစ်အာဏာရှင်အဖွဲ့နှင့် လက်နက်ကိုင်အဖွဲ့များသည် မြေမြှုပ်မိုင်းများကို အရပ်သား နေရာများတွင်ပင် ခွဲခြားခြင်းမရှိဘဲ အသုံးပြုကြသည်။ နေအိမ်များ၊ စာသင်ကျောင်းများနှင့် စိုက်ပျိုးမြေများကဲ့သို့ အရပ်သားများ အသုံးပြုသည့် နေရာများတွင် မြေမြှုပ်မိုင်းများနှင့် ထောင်ချောက်မိုင်းများ ထောင်ထားကြသည်။ လတ်တလော အချက်အလက်များအရ မြေမြှုပ်မိုင်းများနှင့် စစ်ပွဲအကြွင်းအကျန် ပေါက်ကွဲစေတတ်သည့် ပစ္စည်းများ (ERW) ကြောင့် ထိခိုက်သေဆုံးမှုများမှာ သိသိသာသာ မြင့်တက်လာပြီး နှစ်စဉ် လူပေါင်း ၂,၀၀၀ ကျော်ထိခိုက် သေဆုံးလျှက်ရှိသည်။ ယင်းထိခိုက်သေဆုံးသူများအနက် အရပ်သားများသည် ၈၆ ရာခိုင်နှုန်းခန့် ရှိပြီး ကလေးအများအပြား သေဆုံးခြင်းနှင့် ထိခိုက်ဒဏ်ရာရခြင်းတို့ ဖြစ်ပေါ်နေသည်။[37]

မြေမြှုပ်မိုင်းများသည် မမြင်နိုင်သည့် အန္တရာယ်တစ်ရပ်ဖြစ်ပြီး ဆိုးရွားပြင်းထန်သည့် သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရမှုများကို ဖြစ်ပေါ်စေသည်။

ND-Burma အဖွဲ့ဝင်များသည် မြေမြှုပ်မိုင်း ဖြစ်စဉ် (၅၇) ခုကို မှတ်တမ်းတင်ခဲ့သည်။




36 Myanmar becomes world's deadliest country for landmines, ABC, 1 February 2025
37 Landmine and Cluster Munition Monitor, Myanmar

## အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများ

၂၀၂၁ ခုနှစ်မှစတင်၍ စစ်အာဏာရှင်အဖွဲ့၏ စစ်ပွဲအတွင်း ပဋိပက္ခကြားတွင် ကျရောက်နေသည့် တိုင်း ရင်းသား ပြည်သူလူထုအပေါ် ဆက်လက်တိုက်ခိုက်မှုများ ဖြစ်ပွားနေသည့်ကြားမှ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများမှာ စိုးရိမ်ဖွယ်ရာ အရေအတွက်ဖြင့် ဖြစ်ပွားလာခဲ့သည်။ မြန်မာနိုင်ငံ၏ မြေပြင်အခြေ အနေမှာ အလုံးစုံ ပိုမိုဆိုးရွားလာခဲ့ပြီး လေကြောင်းတိုက်ခိုက်မှုများနှင့် ခွဲခြားမှုမရှိ ပစ်ခတ်တိုက်ခိုက်မှုများ မြင့် တက်လာခြင်းနှင့်အတူ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများလည်း မကြာခဏ ဖြစ်ပွားလာခဲ့သည်။ အစု လိုက်အပြုံလိုက် သတ်ဖြတ်မှုများကို လူ ၅ ဦးထက်ပို၍ သေဆုံးသည့် ဖြစ်စဉ်များအဖြစ် သတ်မှတ်ထားသည်။ အထူးသဖြင့် စစ်အာဏာရှင်အဖွဲ့ကို ဆန့်ကျင်သည့် အင်အားစုများ ခိုင်မာစွာ ဆက်လက်လှုပ်ရှားနေသည့် စစ်ကိုင်းတိုင်းဒေသကြီးသည် ပြင်းထန်စွာ ထိခိုက်ခံစားခဲ့ရသည်။

စစ်အာဏာရှင်အဖွဲ့သည် အထူးသဖြင့် လက်နက်မဲ့အရပ်သားများအပေါ် စုပေါင်းအပြစ်ပေးသည့် နည်းလမ်းများကို ပိုမိုအသုံးပြုလာခဲ့ပြီး လွန်ခဲ့သည့် နှစ်များအတွင်း အပြစ်မဲ့ပြည်သူများ အသက်ဆုံးရှုံးခဲ့ရ သည့် ဖြစ်စဉ်များစွာ ဖြစ်ပွားခဲ့သည်။ ယင်းတို့တွင် ၂၀၂၃ ခုနှစ် ဧပြီလအတွင်း ဖြစ်ပွားခဲ့သည့် ပဇီကြီး လေ ကြောင်းတိုက်ခိုက်မှုကြောင့် ရွာသား ၁၆၅ ဦး သေဆုံးခဲ့ခြင်းနှင့် ၂၀၂၁ ခုနှစ် ခရစ္စမတ်အကြိုနေ့တွင် ဖြစ်ပွားခဲ့ သည့် မိုဆိုအစုလိုက်အပြုံလိုက် သတ်ဖြတ်မှုတွင် ကလေးများနှင့် အကူအညီပေးရေးဝန်ထမ်း ၂ ဦးအပါအဝင် အရပ်သား အနည်းဆုံး ၄၀ ဦး သေဆုံးခဲ့ခြင်းတို့ ပါဝင်သည်။

ND-Burma အဖွဲ့ဝင်များက အစုလိုက်အပြုံလိုက် သတ်ဖြတ်မှု ဖြစ်စဉ် (၁၄) ခုကို မှတ်တမ်းတင် တင်ပြခဲ့သည်။



## လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် စုဝေးခွင့်များကို ပိတ်ပင်တားဆီးခြင်း

စစ်အာဏာရှင်အဖွဲ့သည် အကြမ်းဖက်တိုက်ခိုက်မှုများ၊ တင်းကျပ်သည့် ဒစ်ဂျစ်တယ် ဆင်ဆာဖြတ်တောက်မှုများနှင့် သဘောထားကွဲလွဲမှုများကို ဖိနှိပ်ရန် ဥပဒေများကို လက်နက်သဖွယ် အသုံးချကာ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် ငြိမ်းချမ်းစွာ စုဝေးခွင့်များကို ဖိနှိပ်ထားသည်။ စစ်အာဏာရှင်အဖွဲ့က ၎င်းတို့ကိုယ်ကိုယ် တရားဝင်မှုရအောင် ဥပဒေနှင့်မညီမဟုတ်ဘဲ ကြိုးပမ်းလာသည့်အချိန်တွင် စစ်အာဏာရှင်အဖွဲ့၏ ဝါဒဖြန့်မှုများနှင့် အန္တရာယ်ဖြစ်စေနိုင်သည့် ပြောဆိုချက်များကို ရဲဝံ့စွာ ဆန့်ကျင်တုံ့ပြန်နေကြသည့် လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများအပါအဝင် တက်ကြွလှုပ်ရှားသူများကို ပစ်မှတ်ထားလျှက်ရှိသည်။ စစ်တပ်၏ ကျောထောက်နောက်ခံပြုထားသည့် လုံခြုံရေးတပ်ဖွဲ့များသည် သတင်းသမားများနှင့် တက်ကြွလှုပ်ရှားသူများကို ဖမ်းဆီးထိန်းသိမ်းရာတွင် အင်အားအလွန်အကျွံ အသုံးပြုခဲ့ကြသည်။

လူမှုကွန်ရက်များပေါ်တွင် လှုပ်ရှားမှုများ စုစည်းစီစဉ်ရန် ကြိုးပမ်းမှုများကို တားဆီးပိတ်ပင်ရန်အတွက် စစ်အာဏာရှင်အဖွဲ့က အင်တာနက်ပိတ်ပင်ဖြတ်တောက်ခြင်းကို ပုံမှန်အသုံးပြုလာခဲ့သည်။ ထို့အပြင် ပဋိပက္ခများ ဖြစ်ပွားနေသည့် ဒေသများတွင် စစ်တပ်၏ ကျူးလွန်မှုများနှင့်ပတ်သက်သည့် သက်သေအထောက်အထား မှတ်တမ်းများ မရရှိစေရန်အတွက်လည်း အင်တာနက်နှင့် ဆက်သွယ်ရေးများကို ပိတ်ပင်ဖြတ်တောက်ထားသည်။ ဥပမာအားဖြင့် ကချင်ပြည်နယ်တွင် စစ်အာဏာရှင်အဖွဲ့သည် ၂၀၂၄ ခုနှစ် ဇူလိုင်လ ၂၁ ရက်နေ့မှစတင်၍ မြို့နယ် ၁၈ မြို့နယ်လုံးတွင် အင်တာနက်နှင့် ဆက်သွယ်ရေးဝန် ဆောင်မှုများကို ကျယ်ကျယ်ပြန့်ပြန့်နှင့် ရေရှည်ပိတ်ပင်ဖြတ်တောက်ထားသည်။[38]

သတင်းအချက်အလက် မရယူနိုင်စေရန် ထိုသို့ အနှောင့်အယှက်ပြုခြင်းကြောင့် ဒေသခံရွာသားများသည် မိမိတို့ဒေသအတွင်း ဖြစ်ပွားနေသည့် ပဋိပက္ခများနှင့်ပတ်သက်သည့် အသက်ကယ်အရေးပါသော သတင်း အချက်အလက်များကို ရရှိနိုင်ခြင်းမရှိဘဲ ဝန်ထုပ်ဝန်ပိုးများ ပိုမိုကြုံတွေ့နေရပြီး အရေး ပေါ်အကူအညီများရရှိရန် နှောင့်နှေးမှုများလည်း ဖြစ်ပေါ်စေခဲ့သည်။[39] အတုအယောင်ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးကာလအတွင်း စစ်အာဏာရှင်အဖွဲ့သည် မဲဆန္ဒရှင်များ၏ အခွင့်အရေးကို ဖိနှိပ်ရန်နှင့် ရွေးကောက်ပွဲရလဒ်ကို ထိန်းချုပ်ရန် Person Scrutinization and Monitoring System (PSMS) အပါအဝင် အဆင့်မြင့် စောင့်ကြည့်ထောက်လှမ်းရေး နည်းပညာများကို အသုံးပြုခဲ့သည်။ ND-Burma အဖွဲ့ဝင်အဖွဲ့အစည်းဖြစ်သည့် မွန်ပြည် လူ့အခွင့်အရေးဖောင်ဒေးရှင်း (HURFOM) ၏ လေ့လာတွေ့ရှိချက်အရ အဆိုပါကာလအတွင်း စစ်အာဏာရှင်အဖွဲ့သည် PSMS အသုံးပြုခြင်းအပါအဝင် လုံခြုံရေး စစ်ဆေးမှုများကို ပိုမိုတင်းကျပ်စွာ ဆောင်ရွက်ခဲ့သည်။[40]

**ND-Burma အဖွဲ့ဝင်များက လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် စုဝေးခွင့်များကို ပိတ်ပင်တားဆီးသည့် ဖြစ်စဉ် ၄ ခုကို မှတ်တမ်းတင်ခဲ့ပြီး တခုမှာ မွန်ပြည်နယ်တွင် ဖြစ်ပွားကာ သုံးခုမှာ ရှမ်းပြည်နယ်တွင် ဖြစ်ပွားခဲ့သည်။**

38 Two-Year Communications Blackout in Myanmar's Kachin State Deepens Humanitarian and Economic Crisis, 22 July 2026, Burma News International

39 "Inhumane Acts", Kachin Human Rights Watch, 13 July 2026

40 Security Tightens Across Mon State Ahead of Election, The Human Rights Foundation of Monland, 24 October 2025

## လွတ်လပ်စွာ ကိုးကွယ်ယုံကြည်မှုကို ပိတ်ပင်တားဆီးခြင်း

၂၀၂၁ ခုနှစ် အာဏာသိမ်းရန် ကြိုးပမ်းမှုနောက်ပိုင်း လွတ်လပ်စွာ ကိုးကွယ်ယုံကြည်မှုအပေါ် ကန့်သတ်ချုပ်ချယ်မှုများ ပိုမိုတင်းကျပ်လာခဲ့ပြီး အထူးသဖြင့် ဘာသာရေးနှင့် တိုင်းရင်းသား လူနည်းစုများအပေါ် ပိုမိုသက်ရောက်မှုရှိခဲ့သည်။ စစ်အာဏာရှင်အဖွဲ့၏ လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုများကြောင့် ခရစ်ယာန်ဘုရားရှိခိုးကျောင်းများအပါအဝင် ဘာသာရေးဝတ်ပြုရာနေရာများ ရာနှင့်ချီ၍ ရည်ရွယ်ချက်ရှိရှိ ဖျက်ဆီးခံခဲ့ရပြီး အထူးသဖြင့် ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကရင်နီပြည်နယ်နှင့် ကရင်ပြည်နယ်ကဲ့သို့ ခရစ်ယာန်ဘာသာဝင်များ အများစုနေထိုင်သည့် ဒေသများတွင် ထိခိုက်မှုများ ဖြစ်ပေါ်ခဲ့သည်။ သို့သော် ဗလီများနှင့် ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းများလည်း ဖျက်ဆီးခံခဲ့ရပြီး ဘာသာရေး ခေါင်းဆောင်များဖြစ်သည့် သင်းအုပ်ဆရာများ၊ ခရစ်ယာန်ဘုန်းတော်ကြီးများနှင့် ဗုဒ္ဓဘာသာ ဘုန်းကြီးများသည် မတရားဖမ်းဆီးခြင်း၊ ခြိမ်းခြောက်ခြင်း၊ ပြန်ပေးဆွဲခြင်းနှင့် ပစ်မှတ်ထားသတ်ဖြတ်ခြင်းများကို ရင်ဆိုင်ခဲ့ကြရသည်။[41] ထို့အပြင် စစ်အာဏာရှင်အဖွဲ့သည် ဘာသာရေးအရ အထွတ်အမြတ်ထားသည့် အခမ်းအနားများ ကျင်းပနေစဉ်အတွင်း အကြီးစားဗုံးကြဲတိုက်ခိုက်မှုများကို ဆက်လက်ပြုလုပ်ခဲ့ပြီး အမျိုးသမီးများနှင့် ကလေးများအပါအဝင် အပြစ်မဲ့အရပ်သားအများအပြား ထိခိုက်သေဆုံးခဲ့ရသည်။

ND-Burma အဖွဲ့ဝင်များသည် လွတ်လပ်စွာ ဘာသာရေးယုံကြည်ကိုးကွယ်မှုကို ကန့်သတ်ခြင်း၊ ပိတ်ပင်တားဆီးခြင်း ဖြစ်စဉ် (၆) ခုကို မှတ်တမ်းတင်ခဲ့သည်။




## လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု

ပဋိပက္ခနှင့် ဆက်နွယ်သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု (CRSV) သည် ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျ ဆက်လက်ဖြစ်ပွားနေပြီး စစ်ပွဲတွင်းလက်နက်သဖွယ် ရည်ရွယ်ချက်ရှိရှိ အသုံးပြုခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ရန် နည်းလမ်းတစ်ရပ်အဖြစ်လည်း အသုံးပြုလျှက်ရှိသည်။ သမိုင်းကြောင်းအရ တိုင်းရင်းသားလူနည်းစုများ နေထိုင်သည့် ဒေသများတွင် အဓိကဖြစ်ပွားခဲ့သော်လည်း စစ်အာဏာသိမ်းမှု ဖြစ်ပွားပြီးနောက်

41 International Accountability for Burma's Atrocities Against Religious Minorities, US Commission on International Religious Freedom, 5 May 2026

အဆိုပါ အကြမ်းဖက်မှုများမှာ သိသိသာသာ မြင့်တက်လာပြီး နိုင်ငံတစ်ဝန်းသို့ ပျံ့နှံ့လာခဲ့သည်။ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေး ယန္တရား (IIMM) အပါအဝင် ကုလသမဂ္ဂ၏ လွတ်လပ်သောအဖွဲ့အစည်းများက မြန်မာစစ်တပ်အပါအဝင် လက်နက်ကိုင် တပ်ဖွဲ့များသည် အုပ်စုဖွဲ့မုဒိမ်းကျင့်မှု၊ လိင်ပိုင်းဆိုင်ရာပုံစံဖြင့် ညှဉ်းပန်းနှိပ်စက်မှုနှင့် အတင်းအကျပ် အဝတ်အစားချွတ်၍ ရှာဖွေစစ်ဆေးမှုများကို ပုံမှန်ကျူးလွန်နေသည့် ရက်စက်ကြမ်းကြုတ်မှု ပုံစံတစ်ရပ်အဖြစ် မှတ်တမ်းတင်ထားသည်။[42] အမျိုးသမီးများ၊ မိန်းကလေးငယ်များနှင့် LGBTQI+ များသည် အန္တရာယ်အမြင့်ဆုံး ရင်ဆိုင်နေရသည်။ ရခိုင်ပြည်နယ်တွင် ရိုဟင်ဂျာလူနည်းစုဝင်များသည် နယ်မြေထိန်းချုပ်မှု အခြေအနေများ ပြောင်းလဲနေသည့်ကြားမှ ပိုမိုဆိုးရွားလာနေသည့် ပြင်းထန်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု များကို ဆက်လက်ခံစားနေရသည်။

လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကြောင့် ထိခိုက်နစ်နာသူများသည် လုံခြုံပြီး လက်လှမ်းမီနိုင်သည့် တိုင်ကြားရေး လမ်းကြောင်းများကို ရရှိအသုံးပြုနိုင်ခြင်း မရှိကြပေ။ ကာလရှည်တည်ရှိလာခဲ့သည့် အရှက်အကြောက်နှင့် လူမှုရေးအရ တားမြစ်ထားသည့် အယူအဆများကြောင့် မိမိတို့ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို ထုတ်ဖော်ပြောဆိုသူများသည် ဆက်လက်၍ ပြစ်တင်ရှုတ်ချခံနေရသည်။ အစီရင်ခံသည့်ကာလအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုဖြစ်စဉ်များကို မှတ်တမ်းတင်ထားနိုင်ခြင်း မရှိသော်လည်း ထိုကဲ့သို့သော ဖြစ်စဉ်များသည် ပုံမှန် ဖြစ်ပွားနေကြောင်း ND-Burma က မှတ်ချက်ပြုထားသည်။ သို့သော် လူမှုရေးအရ အရှက်အကြောက်နှင့် တား မြစ်မှုများအပြင် ဖိုဝါဒလွှမ်းမိုးသည့် လူမှုဖွဲ့စည်းပုံများနှင့် စနစ်များက တရားမျှတမှုရရှိရေး လမ်းကြောင်းများကို ဆက်လက်အားနည်းစေလျှက်ရှိသည်။

## ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားသော လူမဆန်သည့် ပြုမူဆက်ဆံမှုများ

စစ်အာဏာရှင်အဖွဲ့သည် ပြည်သူများအကြား အကြောက်တရားများ ဖြစ်ပေါ်စေရန် ညှဉ်းပန်းနှိပ်စက်မှုကို အသုံးပြုလျှက်ရှိသည်။ စစ်အာဏာရှင်အဖွဲ့က မတော်မတရားအသုံးပြုနေသည့် နည်းလမ်းအမျိုးမျိုးတွင် ကိုယ်ထိလက်ရောက် ညှဉ်းပန်းနှိပ်စက်ခြင်း၊ ကိုယ်ခန္ဓာအစိတ်အပိုင်းများ ဖြတ်တောက် ဖျက်ဆီးခြင်း၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်းနှင့် သတ်ဖြတ်ခြင်းတို့ ပါဝင်သည်။ အဆိုပါ လူမဆန်သည့်လုပ်ရပ်များအားလုံးသည် ထိခိုက်နစ်နာသူများ၏ စိတ်ပိုင်း ရုပ်ပိုင်းဆိုင်ရာအား ရေရှည်ဆိုးကျိုး သက်ရောက်စေပြီး စိတ်ဒဏ်ရာများကို ဖြစ်ပေါ်စေသည်။

နိုင်ငံရေးအကျဉ်းသားများ မည်သို့ပြုမူဆက်ဆံခံခဲ့ရသည်နှင့် ပတ်သက်သည့် သက်သေအထောက်အထားများနှင့် အသက်ရှင်ကျန်ရစ်သူများ၏ ထွက်ဆိုချက်များ ရှိနေသော်လည်း စစ်အာဏာရှင်အဖွဲ့သည် တာဝန်ခံမှုမှ ရှောင်လွှဲရန် ဆက်လက်ကြိုးပမ်းလျှက်ရှိသည်။ ၂၀၂၅ ခုနှစ် ဇူလိုင်လမှ ၂၀၂၆ ခုနှစ် ဇွန်လအထိ

42 Myanmar: Rights investigators reveal 'systematic torture', sexual violence, UN News, 12 August 2025

လွှမ်းခြုံသည့် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေး ယန္တရား (IIMM) ၏ တွေ့ရှိချက်များအရ အရပ်သားများအပေါ် ညှဉ်းပန်းနှိပ်စက်ခြင်း၊ မတရားဖမ်းဆီးထိန်းသိမ်းခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းများအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများ ဆက်လက်ဖြစ်ပွား နေကြောင်း ဖော်ပြထားသည်။[43]

ND–Burma အဖွဲ့ဝင်များသည် ညှဉ်းပန်းနှိပ်စက်မှု ဖြစ်စဉ် (၁၄) ခုကို မှတ်တမ်းတင်ခဲ့သည်။




## ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှုအခွင့်အရေး ချိုးဖောက်မှုများ

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ မြန်မာနိုင်ငံတစ်ဝန်းတွင် အရပ်သားနေအိမ်ပေါင်း ၁၂၅,၀၀၀ ကျော် မီးရှို့ဖျက်ဆီးခြင်းနှင့် လေကြောင်းတိုက်ခိုက်မှုများကြောင့် ပျက်စီးဆုံးရှုံးခဲ့သည်။[44] ယင်းပျက်စီးဆုံးရှုံးမှု များ၏ ၉၇ ရာခိုင်နှုန်းမှာ စစ်အာဏာရှင်အဖွဲ့၏ လုပ်ရပ်များကြောင့် ဖြစ်ပြီး စစ်အာဏာရှင်အဖွဲ့သည် ကျေးရွာများကို စနစ်တကျ မီးရှို့ဖျက်ဆီးပြီး ၎င်းနေရာများတွင် စစ်တပ်စခန်းများ တည်ဆောက်လျက်ရှိသည်။ တော်လှန်ရေး အင်အားစုများကလည်း စစ်အာဏာရှင်အဖွဲ့ကို ထောက်ခံသူများ၏ ပိုင်ဆိုင်မှုများကို ရံဖန်ရံခါ ပစ်မှတ်ထား တိုက်ခိုက်ခဲ့သည်။

အရပ်သားများ အသုံးပြုသည့် အခြေခံအဆောက်အအုံများကို ရည်ရွယ်ချက်ရှိရှိ ဖျက်ဆီးခြင်းကြောင့် ဘာသာရေးအထိမ်းအမှတ် အဆောက်အအုံများ၊ ဆေးခန်းများ၊ စာသင်ကျောင်းများနှင့် စားသောက်ဆိုင်များ အပါအဝင် ပြည်သူလူထု အသုံးပြုသည့် နေရာများ၏ ဘေးကင်းလုံခြုံရေးနှင့် ပတ်သက်၍ စိုးရိမ်မှုများ ပိုမိုမြင့်တက်လာခဲ့သည်။ စစ်အာဏာရှင်အဖွဲ့၏ အမြောက်ပစ်ခတ်မှုများနှင့် လေကြောင်းတိုက်ခိုက်မှုများကြောင့် အဆောက်အအုံများ ပျက်စီးခဲ့ပြီး အများအပြားမှာ ပြန်လည်ပြုပြင်ရန်ပင် မဖြစ်နိုင်သည်အထိ ဆိုးရွားစွာ ပျက်စီးခဲ့သည်။

43 Myanmar: UN investigators document deliberate military attacks on civilians, United Nations, 11 August 2026
44 Over 125,000 homes in Myanmar destroyed by arson in five years following coup, Mizzima, 5 April 2026

ND–Burma အဖွဲ့ဝင်များသည် ပစ္စည်းဥစ္စာများ ဖျက်ဆီးခံရမှု ဖြစ်စဉ် (၇၆) ခုကို မှတ်တမ်းတင်ခဲ့သည်။



# ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် လူ့အခွင့်အရေးချိုးဖောက်မှုများ

## ပဲခူးတိုင်းဒေသကြီး

ပဲခူးတိုင်းဒေသကြီးသည် ဆက်လက်ဖြစ်ပွားနေသည့် ပဋိပက္ခအတွင်း အရေးပါသည့် ရှေ့တန်းဒေသတရပ်အဖြစ် ဆက်လက်တည်ရှိနေပြီး စစ်ရာဇဝတ်မှုများနှင့် စုပေါင်းအရေးယူမှုများအပါအဝင် ပြင်းထန်သော လူ့အခွင့်အရေးချိုးဖောက်မှုများကို ရင်ဆိုင်နေရသည်။ စစ်အာဏာရှင်အဖွဲ့၏ ပြင်းထန်သော စစ်ရေးနည်းဗျူဟာများကြောင့် တိုင်းဒေသကြီးတစ်ဝန်းတွင် အစုလိုက်အပြုံလိုက် နေရပ်စွန့်ခွာထွက်ပြေးရမှုများနှင့် ဆင်းရဲဒုက္ခများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်လျှက်ရှိသည်။ လူသေဆုံးမှုများ ဖြစ်ပေါ်စေသည့် လေကြောင်းတိုက်ခိုက်မှုများနှင့် ဘာသာရေးအထိမ်းအမှတ် အဆောက်အအုံများအပါအဝင် အရပ်သားများနေထိုင်အသုံးပြုသည့် နေရာများအပေါ် ဆက်လက်တိုက်ခိုက်မှုများကို မွန်ပြည်လူ့အခွင့်အရေး ဖောင်ဒေးရှင်း (HURFOM) က မှတ်တမ်းတင်ထားသည်။ ထို့အပြင် နေရပ်စွန့်ခွာ ထွက်ပြေးရသည့် ပြည်သူများအပေါ် ထိန်းချုပ်ရန်နှင့် အတိုက်အခံအင်အားစုများကို ထောက်ခံပံ့ပိုးမှု မလုပ်နိုင်စေ ရန်နှင့် အကြောက်တရားများ လွှမ်းမိုးနေစေရန်အတွက် “မြေလှန်စစ်ဆင်ရေး” နည်းလမ်းများကို ပုံမှန် အသုံးပြုလျှက်ရှိသည်။ အကြောက်တရားများကို ဖြစ်ပေါ်စေသည့် အဆိုပါ နည်းဗျူဟာများကြောင့် အစုလိုက်အပြုံလိုက် နေရပ်စွန့်ခွာထွက်ပြေးရမှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်လာခဲ့သည်။

ND-Burma အဖွဲ့ဝင်အဖွဲ့အစည်းများ၏ မှတ်တမ်းများအရ ပဲခူးတိုင်းဒေသကြီးအတွင်း နောက်ထပ်စိုးရိမ်ဖွယ်ရာ အခြေအနေတစ်ရပ်မှာ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ မြို့ပေါ်တွင် နေထိုင်သည့် ရွှေ့ပြောင်းအလုပ်သမားများကို မြန်မာကျပ်ငွေ ၅ သန်းမှ ၁၀ သန်းအထိ ပေးချေ၍ အစားထိုးစစ်မှုထမ်းများအဖြစ် ငှားရမ်းခေါ်ယူနေခြင်း ဖြစ်သည်။ မြန်မာ့တပ်မတော်က မွန်ပြည်နယ်တွင် လစဉ် စစ်မှုထမ်းအပတ်စဉ်များ စတင်ဖွင့်လှစ်ခဲ့ပြီး အပတ်စဉ် ၁ မှ အပတ်စဉ် ၂၄ အထိ ရှိလာသည့် အချိန် တွင် လူပေါင်း ၅,၂၀၀ ကျော် စစ်မှုထမ်းရန် စုဆောင်းခံခဲ့ရကြောင်း သိရသည်။[45]

တစ်ချိန်တည်းတွင် ဒေသခံသတင်းရင်းမြစ်များ၏ အဆိုအရ စစ်အာဏာရှင်အဖွဲ့သည် စစ်မှုထမ်းအပတ်စဉ်အသစ်များကို လစဉ်ဖွင့်လှစ်နိုင်စေရန် သက်ဆိုင်ရာ အာဏာပိုင်များအပေါ် အစဉ်မပြတ် ဖိအားပေးလျှက်ရှိသည်။[46] ထို့ကြောင့် မြို့ပေါ်ရပ်ကွက်များတွင် ပွဲစားများမှဆင့် အစားထိုးစစ်မှုထမ်းများကို ငွေကြေးဖြင့် ဝယ်ယူခြင်းနှင့် ရောင်းချခြင်းများ ဆက်လက်ဖြစ်ပေါ်နေပြီး မိသားစုများအတွက် အကြောက်တရား၊ ခေါင်းပုံဖြတ်အမြတ်ထုတ်ခံရမှုနှင့် လုံခြုံမှုမရှိသည့် အခြေအနေများ ပိုမိုဖြစ်ပေါ်စေသည်။

ပဲခူးတိုင်းဒေသကြီးတွင် လူ့အခွင့်အရေးချိုးဖောက်မှု ဖြစ်စဉ် ၂၀ ခုကို မှတ်တမ်းတင်ထားသည်။

45 The Human Rights Foundation of Monland, May 2026 Monthly Update
46 Ibid

## ချင်းပြည်နယ်

ချင်းပြည်နယ်သည် စစ်အာဏာရှင်အဖွဲ့၏ တိုက်ခိုက်မှုကြောင့် အပြင်းထန်ဆုံး ထိခိုက်ခံစားနေရသည့် ဒေသများအနက် တခုဖြစ်သည်။ ချင်းလူမျိုးအများစုသည် ခရစ်ယာန်ဘာသာကို ကိုးကွယ်ကြပြီး ဘုရားရှိခိုးကျောင်းများ ဖျက်ဆီးခံရခြင်းနှင့် ဘာသာရေးခေါင်းဆောင်များ ပစ်မှတ်ထားခံရခြင်းတို့ကဲ့သို့ ၎င်းတို့၏ ဘာသာရေးယုံကြည်ချက်များကို လက်နက်သဖွယ် အသုံးချခြင်းခံနေရသည်။ ချင်းလူ့အခွင့်အရေးအဖွဲ့ (CHRO) သည် ချင်းပြည်နယ်အတွင်း ဖြစ်ပွားနေသည့် အကြမ်းဖက်မှုများကို ကျယ်ကျယ်ပြန့်ပြန့် မှတ်တမ်းတင်ထားပြီး အဆိုပါလုပ်ရပ်များကို ပြင်းပြင်းထန်ထန် ရှုတ်ချထားသည်။

အဆိုပါ အကြမ်းဖက်မှုများကို တုံ့ပြန်သည့်အနေဖြင့် CHRO သည် ချင်းလူထု တရားမျှတမှုရရှိရေးအတွက် တက်ကြွစွာဆောင်ရွက်လျက်ရှိသည်။ CHRO ၏ဦးဆောင်မှုဖြင့် မင်းအောင်လှိုင်အပေါ် စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများဖြင့် တရားစွဲဆိုမှုကို တီမောလက်စ်တေ နိုင်ငံ၏ မြို့တော် ဒီလီမြို့ရှိ ခရိုင်တရားရုံးတွင် ဧပြီလ ၃၀ ရက်နေ့၌ တရားဝင် တင်သွင်းခဲ့သည်။[47] ဇန်နဝါရီလ ၁၃ ရက်နေ့တွင်လည်း ချင်းပြည်နယ်အတွင်း ကျူးလွန်ခဲ့သည့် ရာဇဝတ်မှု ၅ မျိုး နှင့်ပတ်သက်၍ မင်းအောင်လှိုင် အပါအဝင် စစ်ဗိုလ်ချုပ် ၁၄ ဦးကို CHRO က အပြည်ပြည်ဆိုင်ရာ တရားစီရင်ပိုင်ခွင့် အသုံးပြု၍ ဒီလီမြို့ရှိ တရားရုံး၌ တရားစွဲဆိုခဲ့သည်။[48] ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် တီမောလက်စ်တေ နိုင်ငံက အဆိုပါတရားစွဲဆိုမှုများကို တရားဝင်လက်ခံခဲ့ပြီး ဧပြီလကုန်တွင် အမှုကို ခရိုင်တရားရုံးသို့ လွှဲပြောင်းပြီးနောက် CHRO အနေဖြင့် သက်သေအထောက်အထားများ တင်ပြရန် အသင့်ဖြစ်နေပြီဖြစ်သည်။[49] တရားစွဲဆိုထားသည့် စွဲချက်များတွင် မုဒိမ်းမှုအပါအဝင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ၊ ညှဉ်းပန်းနှိပ်စက်ခံရခြင်းနှင့် သေဆုံးမှုများ ဖြစ်ပေါ်စေသည့် မတရားဖမ်းဆီးမှုများအပြင် ဆေးရုံတရုံအပေါ် လေကြောင်းတိုက်ခိုက်မှုလည်း ပါဝင်သည်။

ချင်းပြည်နယ်တွင် လူ့အခွင့်အရေးချိုးဖောက်မှု ဖြစ်စဉ် ၃၈ ခုကို မှတ်တမ်းတင်ထားသည်။

## ကချင်ပြည်နယ်

စစ်အာဏာရှင်အဖွဲ့သည် သယံဇာတပေါကြွယ်ဝသည့် ပထဝီဝင်အနေအထားကြောင့် ကချင်ပြည်နယ်ကို မကြာခဏ ပစ်မှတ်ထားလေ့ရှိသည်။ ဒေသအပေါ် ထိန်းချုပ်မှုရရှိရေးအတွက် ဖြစ်ပွားခဲ့သည့် တိုက်ပွဲများကြောင့် ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကို ထိခိုက်ဆုံးရှုံး စေခဲ့သည်။ ဥပမာအားဖြင့် တရုတ်နိုင်ငံက ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံပံ့ပိုးနေသည့် မြစ်ဆုံရေအား လျှပ်စစ်စီမံကိန်းကို ဒေသခံလူထုအပေါ် ထိခိုက်နစ်နာစေသည်ဟု လူ့အခွင့်အရေးလှုပ်ရှားသူများက ပြောဆိုကာ ဆန့်ကျင်ခဲ့ကြသည်။[50]

47 Lawsuit against Myanmar coup leader in Timor-Leste moves to next phase, BNI, 6 May 2026
48 Ibid
49 Ibid
50 Restart of Myitsone Dam project accused of benefiting only a few, Burma News International, 9 April 2026

အဆိုပါ ရေကာတာစီမံကိန်း တည်ဆောက်ရေးအစီအစဉ်များကို ၂၀၁၁ ခုနှစ်တွင် ရပ်ဆိုင်းခဲ့သော်လည်း စစ်အာဏာသိမ်းရန် ကြိုးပမ်းမှု မအောင်မြင်ခဲ့ပြီးနောက် ပြန်လည်စတင်ခဲ့သည်။ ယင်းနှင့်ပတ်သက်၍ ယဉ်ကျေးမှုအမွေအနှစ်များအပေါ် ခြိမ်းခြောက်မှုများနှင့် မြေငလျင်ပြတ်ရွေ့ကြောအနီးတွင် တည်ရှိနေခြင်းတို့အပေါ် စိုးရိမ်မှုများ ရှိနေသည်။

ကချင်လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ (KHRW) ကလည်း ၂၀၂၅ ခုနှစ်အတွင်း လေကြောင်းတိုက်ခိုက်မှုများ၊ ဒရုန်းတိုက်ခိုက်မှုများနှင့် အမြောက်ပစ်ခတ်မှုများကြောင့် လူပေါင်း ၁၃၀ ကျော် သေဆုံးခဲ့ခြင်းအပါအဝင် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားနေသည့် မတရားဖိနှိပ်မှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ထားသည့် အစီရင်ခံစာတစ်စောင်ကို ထုတ်ပြန်ခဲ့သည်။[51] KHRW က အင်တာနက်နှင့် မိုဘိုင်းဖုန်း ဆက်သွယ်ရေးများ ပိတ်ပင်ဖြတ်တောက်ခံထားရခြင်းကြောင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အပေါ် ကန့်သတ်ချုပ်ချယ်မှုများ ဖြစ်ပေါ်နေပြီး သတင်းအချက်အလက်များ နိုင်ငံတကာသို့ ရောက်ရှိနိုင်ခြင်းကို တားဆီးသည့်အပြင် အရေးပေါ်အကူအညီများ ရောက်ရှိရန်လည်း နှောင့်နှေးစေကြောင်း ထောက်ပြထားသည်။[52] ND–Burma အဖွဲ့ဝင်အဖွဲ့အစည်းဖြစ်သည့် ကချင်အမျိုးသမီးအ စည်းအရုံး ထိုင်းနိုင်ငံ (KWAT) ကလည်း လူ့အခွင့်အရေးအခြေအနေများကို ဆက်လက်စောင့်ကြည့် မှတ်တမ်းတင်ပြီး အရပ်သားများအား ကာကွယ်ပေးရေးနှင့် ၎င်းတို့၏ အခွင့်အရေးများ မြှင့်တင်ရေးအတွက် ဆက်လက်တောင်းဆိုလျှက်ရှိသည်။

ကချင်ပြည်နယ်တွင် လူ့အခွင့်အရေးချိုးဖောက်မှု ဖြစ်စဉ် ၅၀ ခုကို မှတ်တမ်းတင်ထားသည်။

## ကရင်ပြည်နယ်

ကရင်ပြည်နယ်၏ လူ့အခွင့်အရေးအခြေအနေမှာ ကရင်အမျိုးသားအစည်းအရုံး (KNU) နှင့် ဒေသခံတော်လှန်ရေးအင်အားစုများအပေါ် စစ်အာဏာရှင်အဖွဲ့က စစ်ရေးလှုပ်ရှားမှုများ ဆက်လက်ပြုလုပ်နေခြင်းကြောင့် ပြင်းထန်ပြီး ဆက်လက်ဖြစ်ပွားနေသည့် အကျပ်အတည်းများနှင့် ရင်ဆိုင်နေရသည်။ အရပ်သားများသည် လေကြောင်းတိုက်ခိုက်မှုများ၊ အတင်းအကျပ် လုပ်အားပေးစေခိုင်းခြင်း၊ မြေမြှုပ်မိုင်းအန္တရာယ်များနှင့် လက်တုံ့ပြန်သည့်အနေဖြင့် ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်းများအပါအဝင် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ရင်ဆိုင်နေရပြီး ယင်းတို့ ကြောင့် အစုလိုက်အပြုံလိုက် ပြည်တွင်းနေရပ်စွန့်ခွာထွက်ပြေးရမှုများ ဖြစ်ပေါ်လျှက်ရှိသည်။

ကရင်အခြေစိုက် အရပ်ဖက်အဖွဲ့အစည်းများဖြစ်သည့် ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG)၊ ကရင်အမျိုးသမီးအစည်းအရုံး(KWO) နှင့် ကရင်ငြိမ်းချမ်းရေး အထောက်အကူပြုကွန်ရက်(KPSN)တို့သည် ကရင်ပြည်နယ်အတွင်း အရပ်သားများ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များ လျှင်မြန်စွာ ကျဆင်းလာမှုနှင့် နေရပ်

51 New report exposes human rights violations in Kachin State, Mizzime, 14 July 2026
52 Ibid

စွန့်ခွာထွက်ပြေးရမှုများ လျှင်မြန်စွာ မြင့်တက်လာနေမှုကို မှတ်တမ်းတင်ထားကြပြီး နေရပ်စွန့်ခွာသူ အရေအတွက်မှာ အနည်းဆုံး လူတသန်းခန့် ရှိသည်။ ကမ္ဘာ့ဒုက္ခသည်များနေ့တွင် ထုတ်ပြန်သည့် ပူးတွဲကြေညာချက်တစ်ရပ်၌ KWO နှင့် KPSN တို့က ထိုင်း-မြန်မာနယ်စပ်တစ်လျှောက်ရှိ စခန်းများတွင် နေထိုင်နေကြသည့် ထိခိုက်လွယ်သော ပြည်သူလူထု၏ ကာလရှည်ကြာ ဖြစ်ပေါ်နေသော ကာကွယ်စောင့်ရှောက်မှုနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ စိုးရိမ်မှုများကို ထည့်သွင်းစဉ်းစားပေးရန် ထိုင်းအစိုးရ၊ UNHCR၊ အလှူရှင်အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs) နှင့် အခြားသက်ဆိုင်သူများအား တိုက်တွန်းခဲ့သည်။[53]

ကရင်ပြည်နယ်အတွင်းရှိ လူ့အခွင့်အရေးအခြေအနေသည် ဒေသခံပြည်သူများအပေါ် သိသိသာသာ ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေခဲ့သည်။ KPSN ၏ မှတ်တမ်းများအရ ၂၀၂၅ ခုနှစ် အောက်တိုဘာလမှ ၂၀၂၆ ခုနှစ် မတ်လအထိ စစ်တပ်သည် ကော်သူးလေတစ်ဝန်းတွင် လေကြောင်းတိုက်ခိုက်မှု၊ အမြောက်ပစ်ခတ်မှုနှင့် မြေပြင်မှ တိုက်ခိုက်မှု စုစုပေါင်း ၁,၄၆၁ ကြိမ် ပြုလုပ်ခဲ့ပြီး အရပ်သား ၁၃၅ ဦး သေဆုံး ခြင်း၊ ၂၇၀ ဦး ထိခိုက်ဒဏ်ရာရခြင်းနှင့် အဆောက်အအုံ ၆၀၀ ခန့် ပျက်စီးခဲ့သည်။[54]

KWO သည် အမျိုးသမီးများ၏ လုပ်ပိုင်ခွင့်နှင့် ပါဝင်ခွင့်များကို အားနည်းစေသည့် လက်ရှိ အမျိုးသမီးများ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ မူဝါဒ မူဘောင်ကို ပြောင်းလဲရန်လည်း တောင်းဆိုထားသည်။[55] KWO ၏ ခေါင်းဆောင်များက တိုင်းရင်းသားအဖွဲ့အစည်းများမှ အမျိုးသမီးများသည် မြန်မာနိုင်ငံတွင် ဒီမိုကရေစီ ပြောင်းလဲမှုများ ဖြစ်ပေါ်လာရေးအတွက် ရှေ့တန်းမှ ပါဝင်ရမည်ဖြစ်ကြောင်း အစဉ်တစိုက် ထုတ်ဖော်ပြောဆိုလျှက်ရှိကြသည်။

ကရင်ပြည်နယ်တွင် လူ့အခွင့်အရေးချိုးဖောက်မှု ဖြစ်စဉ် ၉ ခုကို မှတ်တမ်းတင်ထားသည်။

## ကရင်နီပြည်နယ်

ကရင်နီပြည်နယ်ရှိ အရပ်သားများသည် တိုက်ခိုက်မှုများ၏ ပစ်မှတ်အောက်တွင် ရှိနေကြသည်။ ၎င်းတို့သည် ခွဲခြားမှုမရှိ ပစ်ခတ်တိုက်ခိုက်မှုများနှင့် လေကြောင်းတိုက်ခိုက်မှုများအပါအဝင် အစဉ်မပြတ် တိုက်ခိုက်ခံရနိုင်သည့် ခြိမ်းခြောက်မှုများကို ရင်ဆိုင်နေရသည်။ စစ်အာဏာရှင်အဖွဲ့က လေကြောင်းတိုက်ခိုက်မှုများကို အားကိုးအသုံးပြုနေခြင်းကြောင့် ယာယီခိုလှုံစရာ နေစရာများနှင့် ပြည်တွင်းနေရပ် စွန့်ခွာသူ (IDP) စခန်းများအပါအဝင် ပြည်သူတို့၏ ပိုင်ဆိုင်မှုများ ကျယ်ကျယ်ပြန့်ပြန့် ပျက်စီးဆုံးရှုံးခဲ့သည်။ ပြန်လည်စတင်လာသည့် ထိုးစစ်များကြောင့် ကုန်သွယ်ရေးလမ်းကြောင်းများ ပိတ်ဆို့သွားပြီး လူများ၏ လွတ်လပ်စွာသွားလာ

53 KWO and KPSN Message on World Refugee Day 2026 Theme: "Until Everyone is Safe", 20 June 2026
54 Burma Military's Indiscriminate Attacks in Kawthoolei: October 2025 – March 2026, The Karen Peace Support Network, 1 May 2026
55 Women, Peace and Security Efforts: 2021-2025, The Karen Women's Organization, 7 May 2026

ခွင့်ကိုလည်း ပိုမိုကန့်သတ်လာခဲ့သည်။ အဆိုပါ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် ဒီမိုကရေစီအစိုးရ တစ်ရပ်၏ ရည်မှန်းချက်များနှင့် ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရန်အတွက် ကရင်နီပြည်နယ် ကြားကာလ အုပ်ချုပ်ရေးကောင်စီ (IEC) သည် ဒေသခံလူထုဦးဆောင်သည့် ဝန်ဆောင်မှုများ၊ တရားမျှတမှု နှင့် ပြည်သူများ၏ ကာကွယ်စောင့်ရှောက်မှု လုပ်ငန်းများကို စီမံဆောင်ရွက်လျှက်ရှိသည်။

အရပ်ဖက်အဖွဲ့အစည်းဖြစ်သည့် ကရင်နီလူ့အခွင့်အရေးအဖွဲ့ (KnHRG) သည် အရပ်သားများအပေါ် ကျူးလွန်သည့် ဖိနှိပ်မှုများ မြင့်တက်လာနေကြောင်း မှတ်တမ်းတင်ထားပြီး အဆိုပါ ဖြစ်စဉ်များမှာ ပုံမှန်နှင့် အများအပြား ဖြစ်ပွားလာကာ မတည်ငြိမ်မှုများလည်း ပိုမိုမြင့်တက်လာခဲ့သည်။ မိုးဗြဲ၊ လွိုင်ကော်၊ ဒီမော့ဆို၊ ဖရူဆိုနှင့် ဘောလခဲတို့ကို ဆက်သွယ်ထားသည့် အရှည် ၇၇ မိုင်နီးပါးရှိ ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် အား စစ်အာဏာရှင်အဖွဲ့က အဓိက ထိန်းချုပ်ထားပြီး ယင်းအခြေအနေသည် အရပ်သားများ၏ နေ့စဉ်ဘဝ အပေါ် တိုက်ရိုက်သက်ရောက်မှုရှိကြောင်း KnHRG က ဖော်ပြထားသည်။[56] KnHRG ၏ အချက်အလက်များ အရ မေလ နှင့် ဇွန်လ အတွင်း လေကြောင်းတိုက်ခိုက်မှု ၁၃ ကြိမ် တိုးလာခဲ့ပြီး အမြောက်ပစ်ခတ်တိုက်ခိုက်မှု ၂ ကြိမ် ဖြစ်ပွားခဲ့ကာ ဒရုန်းတိုက်ခိုက်မှုများမှာလည်း နှစ်ဆအထိ တိုးမြင့်လာခဲ့သည်။[57]

ND-Burma တွင် လက်ရှိအချိန်၌ ကရင်နီပြည်နယ်အတွင်း တက်ကြွစွာ လုပ်ငန်းဆောင်ရွက်နေသည့် အဖွဲ့ဝင်အဖွဲ့အစည်း မရှိသော်လည်း ဒေသခံလူထုများ ရင်ဆိုင်နေရသည့် ကြီးမားသော ရှန်းကန်မှုများနှင့် ဆင်းရဲဒုက္ခများကို အသိအမှတ်ပြုထားသည်။

## မကွေးတိုင်းဒေသကြီး

မကွေးတိုင်းဒေသကြီး၏ ပိုမိုဆိုးရွားလာနေသည့် လူ့အခွင့်အရေးအခြေအနေကြောင့် လူပေါင်း ၁၀၀,၀၀၀ ကျော် နေရပ်စွန့်ခွာထွက်ပြေးခဲ့ရပြီး အသက်ကယ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ကို လက်လှမ်းမီရရှိနိုင်မှုမှာလည်း အကန့်အသတ်များ ရှိနေသည်။ စစ်အာဏာရှင်အဖွဲ့သည် မကွေးတိုင်းဒေသ ကြီးအတွင်းရှိ ပြည်သူလူထုကို အကြိမ်ကြိမ် အမြောက်ဖြင့် ပစ်ခတ်တိုက်ခိုက် ခဲ့သည့်အပြင် နယ်မြေရှင်းလင်း ရေး စစ်ဆင်ရေးများအတွင်း ဒေသခံပြည်သူများကိုလည်း ပစ်မှတ်ထား ၍ မတရားသတ်ဖြတ်မှုများ ပြုလုပ်ခဲ့ သည်။ ၂၀၂၆ ခုနှစ် မေလဆန်းပိုင်းမှစ၍ တိုက်ပွဲများ ပိုမိုပြင်းထန်လာခဲ့ပြီး ကျေးရွာများကို မီးရှို့ဖျက်ဆီးခဲ့ရာ ကျေးရွာ ၁၅ ရွာမှ လူပေါင်း ၅,၀၀၀ ခန့် ထပ်မံနေရပ်စွန့်ခွာ ထွက်ပြေးခဲ့ရပြီး လူ ၈ ဦး သေဆုံးကာ နေအိမ် ၃၀၀ ကို ရည်ရွယ်ချက်ရှိရှိ ဖျက်ဆီးခဲ့သည်။[58] မကွေးအပါအဝင် ဒေသအချို့သည် မိုးသည်းထန်စွာရွာသွန်း ခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများကိုလည်း ဆက်လက်ရင်ဆိုင်နေရပြီး ယင်းသဘာဝဘေးအန္တရာယ်များ ကြောင့် ကြီးမားသည့် အခက်အခဲများကို ရင်ဆိုင်နေရသည့် ပြည်သူလူထုအပေါ် ပျက်စီးဆုံးရှုံးမှုများ ထပ်မံ ဖြစ် ပေါ်စေခဲ့သည်။

56 Human Rights Violations Surge in Myanmar's Karenni State Amid Renewed Junta Offensive, Burma News International, 11 July 2026
57 Ibid
58 Asia and the Pacific: Weekly Regional Humanitarian Snapshot (5-18 May 2026), UN OCHA, 21 May 2026

မကွေးတိုင်းဒေသကြီးတွင် လူ့အခွင့်အရေးချိုးဖောက်မှု ဖြစ်စဉ် ၂၀ ခုကို မှတ်တမ်းတင်ထားသည်။

## မန္တလေးတိုင်းဒေသကြီး

မန္တလေးတိုင်းဒေသကြီးတွင် ၂၀၂၅ ခုနှစ် မြေငလျင်ကြီး၏ နောက်ဆက်တွဲ သက်ရောက်မှုများသည် ယနေ့တိုင် ဆက်လက်ရှိနေဆဲဖြစ်သည်။ စစ်အာဏာရှင်အဖွဲ့၏ တုံ့ပြန်ဆောင်ရွက်မှု နောက်ကျခဲ့ခြင်းသည် လူမှုရေးအကူအညီပေးရေးနှင့် ဝန်ဆောင်မှုများအပေါ် ယုံကြည်စိတ်ချရမှု နည်းပါးလာခဲ့ပြီး ယင်း၏ နောက်ဆက်တွဲဆိုးကျိုးများကို ယနေ့တိုင် ဆက်လက်ခံစားနေရသည်။ ထို့အပြင် အရေးပေါ်ကယ်ဆယ်ရေးကာလအတွင်း စစ်အာဏာရှင်အဖွဲ့က အပစ်အခတ်ရပ်စဲရေး ကြေညာခဲ့သော်လည်း ၎င်းတို့ ကိုယ်တိုင် လိုက်နာခြင်းမရှိဘဲ အရပ်သားများအပေါ် ဗုံးကြဲတိုက်ခိုက်မှုများကို ဆက်လက်ပြုလုပ်ခဲ့သည်။[59]

လက်ရှိတွင်လည်း အပြစ်မဲ့လူထုအသိုင်းအဝိုင်းသည် လေကြောင်းတိုက်ခိုက်မှုများ၊ အမြောက်ပစ်ခတ်တိုက်ခိုက်မှုများ၊ မတရားဖမ်းဆီးမှုများနှင့် ကျန်းမာရေးဝန်ထမ်းများနှင့် နေရပ်စွန့်ခွာသူများခိုလှုံရာနေရာများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းအပါအဝင် ပိုမိုမြင့်တက်လာနေသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဆက်လက်ရင်ဆိုင်နေရသည်။ ထိုဒေသတွင် ဆိုးရွားပြင်းထန်သည့် နေရပ်စွန့်ခွာထွက်ပြေးရမှုများ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပိတ်ဆို့တားဆီးခံရမှုများနှင့် နောက်ထပ်ဆိုးရွားသည့် သဘာဝဘေးအန္တရာယ်တရပ်၏ ရေရှည်သက်ရောက်မှုများကိုလည်း ဆက်လက်ရင်ဆိုင် နေရသည်။

## မွန်ပြည်နယ်

မွန်ပြည်နယ်တစ်ဝန်းတွင် အရပ်သားများသည် ၎င်းတို့၏ အခြေခံအခွင့်အရေးများနှင့် လွတ်လပ်ခွင့်များအပေါ် ဖိနှိပ်ချုပ်ချယ်မှုများ ပိုမိုမြင့်တက်လာခြင်းကို ရင်ဆိုင်နေရသည်။ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း (HURFOM) သည် မွန်ပြည်နယ်အပါအဝင် မြန်မာနိုင်ငံအရှေ့တောင်ပိုင်း၏ ဆိုးရွားလာနေသည့် လူ့အခွင့်အရေးအခြေအနေကို အစဉ်တစိုက် မှတ်တမ်းတင်လျှက်ရှိပြီး အပြစ်မဲ့အရပ်သားများသည် အတင်းအကျပ် စစ်မှုထမ်းစေခြင်း၊ ဒစ်ဂျစ်တယ်နည်းပညာအသုံးပြု ဖိနှိပ်ချုပ်ချယ်မှုများနှင့် နေရပ်စွန့်ခွာထွက်ပြေးရမှုများ ဖြစ်ပေါ်စေသည့် အကြမ်းဖက်စီးနင်းမှုများ၏ ခြိမ်းခြောက်မှုကို ဆက်လက်ရင်ဆိုင်နေရသည်။ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုနောက်ပိုင်း အွန်လိုင်းလွတ်လပ်ခွင့်များအပေါ် ကန့်သတ်မှုများ ပိုမိုတင်းကျပ်လာခဲ့ပြီး စစ်အာဏာရှင်အဖွဲ့သည် ၎င်းတို့ကိုယ်ကျိုးအတွက် ဒစ်ဂျစ်တယ်အခွင့်အရေးများကို ဖိနှိပ်ရန်ဥပဒေများကို လက်နက်သဖွယ် ဆက်လက်အသုံးပြုလျှက်ရှိသည်။ သဘောထား ကွဲလွဲမှုများကို အပြစ်ပေးရန်ပြင်ဆင်

59 Beneath the Cracks: Devastation and Destruction by the Junta in the Earthquake Aftermath, The Network for Human Rights Documentation-Burma, 28 April 2025

ပြဋ္ဌာန်းထားသည့် ဥပဒေများတွင် ၂၀၂၅ ခုနှစ်တွင် စတင်အသက်ဝင်ခဲ့သည့် ဆိုက်ဘာလုံခြုံရေးဥပဒေလည်း ပါဝင်ပြီး ယင်းဥပဒေမှတစ်ဆင့် အထူးသဖြင့် လူငယ်များကို ဒစ်ဂျစ်တယ်အာဏာရှင်စနစ်ဖြင့် ပစ်မှတ်ထားခဲ့သည်။ အဆိုပါ အစီအမံများကြောင့် ထိတွေ့ဆက်ဆံမှုများ ကျဆင်းလာပြီး စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုများလည်း ဖြစ်ပေါ်လာခဲ့သည်။[60]

ဆိုးရွားပြင်းထန်သည့် ပဋိပက္ခများကြောင့် အရပ်သားများအပေါ် သက်ရောက်မှုများကိုလည်း HURFOM က အစီရင်ခံစာတစ်စောင်တွင် မှတ်တမ်းတင်ထားပြီး လူထုအတွက် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စိုးရိမ်မှုများကို အလေးပေးဖော်ပြထားသည်။[61] မွန်ပြည်နယ် ရေးအရှေ့ပိုင်း မြို့နယ်မယံချောင်းကျေးရွာမှ ဒေသခံရွာသားတစ်ဦးက အောက်ပါအတိုင်း ရှင်းပြခဲ့သည်။

*“တော်လှန်ရေးလက်နက်ကိုင်အင်အားစုတွေက ပြည်သူတွေအပေါ် မှီခိုနေရတယ်ဆိုတာ ကျွန်တော်တို့ နားလည်ပါတယ်။ အစားအစာ၊ ရန်ပုံငွေနဲ့ အခြားထောက်ပံ့မှုတွေအပါအဝင် ပြည်သူတွေရဲ့ပံ့ပိုးမှုနဲ့ တော်လှန်ရေးကို ဆက်လက်လုပ်ဆောင်နေကြတယ်ဆိုတာလည်း သိပါတယ်။ စစ်အာဏာရှင်အဖွဲ့ လက်အောက်ကနေ လွတ်မြောက်ချင်တာကြောင့် ရွာသားအများအပြားကလည်း ဒီရုန်းကန်မှုကို ဆက်လက်ထောက်ခံနေကြပါတယ်။ ဒါပေမယ့် တစ်ဖက်မှာတော့ စစ်ဆေးရေးဂိတ်တွေ ဖြတ်သန်းရတာနဲ့ ငွေကြေးကောက်ခံတာတွေက သာမန်ပြည်သူတွေအတွက် ပိုပြီးခက်ခဲလာပါတယ်။”*[62]

ပဋိပက္ခဒဏ်ခံစားနေရသည့် ပြည်သူလူထုအနေဖြင့် ရှင်သန်ရပ်တည်နိုင်ရန် ရုန်းကန်နေရသည့်ကြားမှ မွန်ပြည်နယ်အတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများမှာ ဆက်လက်ဖြစ်ပွားနေသည်။

မွန်ပြည်နယ်တွင် လူ့အခွင့်အရေးချိုးဖောက်မှု ဖြစ်စဉ် ၂၉ ခုကို မှတ်တမ်းတင်ထားသည်။

## ရခိုင်ပြည်နယ်

ရခိုင်ပြည်နယ်သည် စစ်အာဏာရှင်အဖွဲ့နှင့် အာရက္ခတပ်တော် (AA) တို့အကြား ပဋိပက္ခများပိုမိုပြင်းထန်လာခြင်းနှင့် တင်းမာမှုများ ပိုမိုဆိုးရွားလာခြင်းတို့ကြောင့် ကြီးမားသော ရုန်းကန်မှုများနှင့် ပဋိပက္ခများကို ရင်ဆိုင်နေရသည့် ဒေသတစ်ခုအဖြစ် ဆက်လက်တည်ရှိနေသည်။ လက်နက်ကိုင်အဖွဲ့နှစ်ဖွဲ့စလုံး၏ လုပ်ရပ်များကြောင့် တိုင်းရင်းသားလူထုများ၊ အထူးသဖြင့် ကာလရှည်ကြာ ဖိနှိပ်ခံနေရသည့် ရိုဟင်ဂျာလူထုသည် နေ့စဉ်နှင့်အမျှ တရားဥပဒေမဲ့ သတ်ဖြတ်မှုများ၊ ကျေးရွာများ မီးရှို့ဖျက်ဆီးခံရမှုများနှင့် ညှဉ်းပန်းနှိပ်စက်မှုများ၏ အန္တရာယ်ကို ရင်ဆိုင်နေရသည်။

60 Assessing Impacts on Digital Rights and Freedom among Youths under Myanmar's Cybersecurity Law 2025: A Case Study of Youths in Mon State, Journal of Contemporary Social Sciences and Humanities, Volume 13, Number 1, January - June 2026

61 From the Ground Up: Local Calls for Safety and Protection in Southeastern Burma, The Human Rights Foundation of Monland, 18 June 2026

62 Ibid

အာရက္ခတပ်တော် (AA) သည် ရခိုင်ပြည်နယ်အများစုကို ထိန်းချုပ်ထားပြီး ရိုဟင်ဂျာများ အပါအဝင် တိုင်းရင်းသား လူထုများအပေါ် အတင်းအကျပ် လုပ်အားပေးစေခိုင်းခြင်း၊ ငွေညှစ်မှုနှင့် မတရားဖမ်းဆီး ထိန်းသိမ်းခြင်းများ ပြုလုပ်ခြင်းအားဖြင့် အကြောက်တရားနှင့် လူမဆန်သည့် ပြုမူဆက်ဆံမှုများ ဖြစ်ပေါ်နေသည့် အခြေအနေကို ဖန်တီးထားသည်။ လက်ရှိအခြေအနေ၏ ပြင်းထန်ဆိုးရွားမှုကြောင့် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး Volker Türk က *“မြန်မာနိုင်ငံတွင်၊ အထူးသဖြင့် ရခိုင်ပြည်နယ်၌ ရိုဟင်ဂျာများနှင့် အခြားလူနည်းစုများအတွက် လက်ရှိအခြေအနေသည် ယခင်ကထက် ပိုမိုဆိုးရွားနေနိုင်သည်။ အကြမ်းဖက်မှုများ ရပ်တန့်ရမည်။ အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းအနေဖြင့် မိမိတို့၏တာဝန်များကို ကျေပွန်စွာထမ်းဆောင်ပြီး အရေးယူဆောင်ရွက်ရမည်”* ဟု ပြောကြားခဲ့သည်။[63]

Human Rights Watch ၏ အသေးစိတ် အစီရင်ခံစာတစ်စောင်တွင် ၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်း အာရက္ခတပ်တော် (AA) က ကျူးလွန်ခဲ့သည့် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုတစ်ရပ်ကို မှတ်တမ်းတင်ထားသည်။ ယင်းဖြစ်စဉ်အပြီး ကျေးရွာသို့ ပြန်လည်ရောက်ရှိလာသူများသည် *“မိမိတို့၏ နေအိမ်များကို လုယက်ပြီး မီးရှို့ဖျက်ဆီးထားခြင်းနှင့် ချစ်ခင်ရသူများ၊ အိမ်နီးချင်းများ၏ ရုပ်အလောင်းများကို တွေ့ရှိခဲ့ရသည်”* ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။[64] မြေပြင်အခြေအနေများ ပိုမိုဆိုးရွားလာသည်နှင့်အမျှ ရခိုင်ပြည်နယ်တွင် နေထိုင်ကြသည့် တိုင်းရင်းသားလူထုများ၏ ဆင်းရဲဒုက္ခကို အလေးအနက်ထား စဉ်းစားရန်နှင့် အရေးပေါ် အပြည်ပြည်ဆိုင်ရာ အရေးယူဆောင်ရွက်မှုများဖြင့် ဖြေရှင်းပေးရန် လိုအပ်သည်။

## စစ်ကိုင်းတိုင်းဒေသကြီး

စစ်ကိုင်းတိုင်းဒေသကြီးတွင် စစ်အာဏာရှင်အဖွဲ့ကို ကျယ်ကျယ်ပြန့်ပြန့် ဆန့်ကျင်မှုများ ရှိနေခြင်းကြောင့် စစ်အာဏာရှင်အဖွဲ့သည် တပ်အင်အားများ ပိုမိုဖြည့်တင်းခြင်းနှင့် အကြမ်းဖက်မှုများကို စစ်ဆင်ရေးပုံစံဖြင့် ဆောင်ရွက်ပြီး ၎င်းတို့၏ တပ်ဖွဲ့ဝင်များကို ပိုမိုတိုးချဲ့လာခဲ့သည်။ ယင်းအခြေအနေကြောင့် ပဋိပက္ခဒဏ်ကို အဓိက ခံစားနေရသည့် ပြည်သူလူထုမှာ ပိုမိုအထီးကျန်လာခဲ့သည်။ အထူးစိုးရိမ်ဖွယ်ရာအချက်မှာ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၀၂၆ ခုနှစ် ဇွန်လအထိ မြန်မာနိုင်ငံအတွင်း ပဋိပက္ခနှင့် ဆက်နွယ်သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု (CRSV) ဖြစ်စဉ်များကို လေ့လာထားသည့် သုတေသနတရပ်အရ စစ်ကိုင်းတိုင်းဒေသကြီးတွင် စစ်အာဏာသိမ်းမှုနောက်ပိုင်း လူသိရှင်ကြား ထုတ်ပြန်မှတ်တမ်းတင်ထားသည့် CRSV ဖြစ်စဉ်အားလုံး၏ လေးပုံတစ်ပုံခန့် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အဆိုပါဖြစ်စဉ်များတွင် စစ်တပ်က မကြာခဏ ကျူးလွန်နေခြင်းဖြစ်သည်။[65] ထိခိုက်နစ်နာသူအများစုမှာ အမျိုးသမီးများနှင့် ကလေးငယ်များ ဖြစ်ကြသည်။ သို့သော် အဆိုပါလုပ်ရပ်များအတွက် မည်သည့် စစ်သားမျှ အရေးယူခံရခြင်း မရှိသေးပေ။

63 Facebook, UN Geneva, 2 October 2025

64 “Skeletons and Skulls Scattered Everywhere” Arakan Army Massacre of Rohingya Muslims in Hoyyar Siri, Myanmar, Human Rights Watch, 18 May 2026

65 Reporting Sexual Violence and Abuse in Conflict - June 2026, Insecurity Insight, 14 July 2026

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီးရှိ ပြည်သူများသည် သဘာဝပတ်ဝန်းကျင်နှင့် ဆက်နွယ်သည့် ဖိနှိပ်မှုများကိုလည်း ရင်ဆိုင်နေရသည်။ စစ်အာဏာရှင်အဖွဲ့သည် အငြင်းပွားဖွယ်ရာ လက်ပံတောင်းကြေးနီ စီမံကိန်းအနီးတွင် တော်လှန်ရေးအင်အားစုများကို နှိမ်နင်းရန်ရည်ရွယ်၍ ထိုးစစ်ဆင်မှုတရပ်ကို စတင်ခဲ့သည်။[66] အဆိုပါ သတ္တုတွင်းစီမံကိန်းကို ဆန့်ကျင်သူများသည် အကြမ်းဖက်မှုများနှင့် ခြိမ်းခြောက်မှုများကို ရင်ဆိုင်ခဲ့ရပြီး ဒေသတွင်းတွင် အခြားသော ပြင်းထန်သည့် အကြမ်းဖက်ရာဇဝတ်မှုများလည်း ဖြစ်ပွားနေကြောင်း သတင်းများ ထွက်ပေါ်လျှက်ရှိသည်။ ယင်းတို့အနက် ဒုံးတောအစုလိုက်အပြုံလိုက် သတ်ဖြတ်မှုလည်းပါဝင်ပြီး ထိုဖြစ်စဉ်တွင် ထိခိုက်နစ်နာသူအချို့ကို အသက်ရှင်လျှက် မီးရှို့သတ်ဖြတ်ခဲ့သည်။

စစ်အာဏာသိမ်းခေါင်းဆောင် မင်းအောင်လှိုင်က နိုင်ငံအတွင်း "ငြိမ်းချမ်းရေး" အကြောင်း ပြောဆိုနေသော်လည်း အထူးသဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လေကြောင်းတိုက်ခိုက်မှုများမှာ ဆက်လက်ဖြစ်ပွားနေပြီး အပြစ်မဲ့၍ မိမိကိုယ်ကို ခုခံကာကွယ်နိုင်ခြင်းမရှိသည့် အရပ်သားများကို ပစ်မှတ်ထား တိုက်ခိုက်လျှက်ရှိသည်။ ဇွန်လကုန်ပိုင်းတွင် ဖြစ်ပွားခဲ့သည့် လေကြောင်းတိုက်ခိုက်မှုတရပ်၌ ကလေးငယ် ၄ ဦး အပါအဝင် အနည်းဆုံး လူ ၈ ဦး သေဆုံးခဲ့ပြီး အခြားလူ ၂ဂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။[67] စစ်အာဏာရှင်အဖွဲ့၏ အဆက်မပြတ် လေကြောင်းဗုံးကြဲတိုက်ခိုက်မှုများနှင့် အမြောက်ပစ်ခတ် တိုက်ခိုက်မှုများကြောင့် အရပ်သားများ နေထိုင်သည့် နေရာများ ပျက်စီးဆုံးရှုံးခဲ့ပြီး ဗုဒ္ဓဘာသာဘုန်းကြီးများသေဆုံးကာ လူဒါဇင်နှင့်ချီ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ နိုင်ငံအတွင်း စစ်ပွဲဒဏ်အပြင်းထန်ဆုံး ခံစားနေရသည့် ဒေသအချို့တွင် လူများကို အဓိပ္ပာယ်မဲ့ သတ်ဖြတ်နေခြင်းကြောင့် စစ်တပ်သည် မည်သည့်ပုံစံနှင့် မျှ ငြိမ်းချမ်းရေးလိုလားသည့် အဖွဲ့အစည်းမဖြစ်နိုင်ကြောင်း ရှင်းလင်းစွာ တွေ့မြင်နိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် လူ့အခွင့်အရေးချိုးဖောက်မှု ဖြစ်စဉ် ၁၆ ခုကို မှတ်တမ်းတင်ထားသည်။

## ရှမ်းပြည်နယ်

ရှမ်းပြည်နယ်တွင် ဆက်လက်ဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခများ၊ လေကြောင်းတိုက်ခိုက်မှုများ နှင့် အတင်းအကျပ် စစ်မှုထမ်းစေခြင်းတို့ကြောင့် လူ့အခွင့်အရေးအခြေအနေမှာ ဆိုးရွားစွာ ကျဆင်း လာနေသည်။ အရပ်သားများသည် စစ်အာဏာရှင်အဖွဲ့၊ နယ်မြေနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်အတွက် တိုက်ပွဲဝင်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ (EAOs) အပါအဝင် လက်နက်ကိုင်အဖွဲ့များ၏ တရားဥပဒေမဲ့ သတ်ဖြတ်မှုများ၊ အတင်းအကျပ် လုပ်အားပေးစေခိုင်းခြင်းနှင့် နေရပ်စွန့်ခွာထွက်ပြေးရမှုများအပါအဝင် ကျယ်ပြန့်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ရင်ဆိုင်နေရသည်။ ထို့အပြင် မြန်မာ့တပ်မတော်၏ လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုများနှင့် အမြောက်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အရပ်သားများအစုလိုက်

66 Myanmar: Residents in Sagaing region continue suffering at Letpadaung mining areas as a result of junta's crackdown, Business and Human Rights Center Menu, 9 January 2026

67 Myanmar airstrikes kill 8 civilians days after Min Aung Hlaing renews peace offer, Democratic Voice for Burma, 29 June 2026

အပြုံလိုက် သေဆုံးခဲ့ရပြီး လူပေါင်း ရာနှင့်ချီ၍ နေရပ်စွန့်ခွာထွက်ပြေးခဲ့ရသည်။ ထပ်မံစိုးရိမ်ဖွယ်ရာဖြစ်စေပြီး ပဋိပက္ခများကို ပိုမိုပြင်းထန်စေသည့် အခြေအနေတစ်ရပ်မှာ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် အလယ်ပိုင်းရှိ အရပ်သားများသည် တော်လှန်ရေးအင်အားစုများနှင့် စစ်တပ်အကြား အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုများကြားတွင် ပုံမှန်ပိတ်မိနေကြပြီး လက်နက်ကိုင်အဖွဲ့များစွာ၏ ပြန်ပေးဆွဲခြင်း၊ အတင်းအကျပ် စစ်မှုထမ်းစေခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းတို့ကို ရင်ဆိုင်နေရ ခြင်းဖြစ်သည်။

တရားမဝင် အဆောက်အအုံများနှင့် အွန်လိုင်းလိမ်လည်မှုစင်တာများ ပေါ်ပေါက်လာခြင်းသည်လည်း နောက်ထပ်စိုးရိမ်ဖွယ်ရာ ဖြစ်လာနေပြီး အထူးသဖြင့် ရှမ်းပြည်နယ်အရှေ့ပိုင်းသည် နိုင်ငံဖြတ်ကျော် အွန်လိုင်းလိမ်လည်မှု လုပ်ငန်းများ၏ အချက်အချာဒေသတစ်ခု ဖြစ်လာကာ နိုင်ငံခြားသားများကို အတင်းအကျပ် ကျွန်ပြု၍ ခိုင်းစေလျှက်ရှိသည်။[68]

နောက်ဆုံးအနေဖြင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ ထိန်းချုပ်ထားသည့် ဒေသများတွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများဖြင့် အထိန်းအကွပ်မရှိဘဲ လုပ်ကိုင်နေသည့် ရှားပါးသတ္တုနှင့် ကျောက်မီးသွေးတူး ဖော်ရေးလုပ်ငန်းများသည် ရေနှင့် မြေထုညစ်ညမ်းမှုများကို ဆိုးရွားစွာ ဖြစ်ပေါ်စေပြီး ဒေသခံများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ထိခိုက်ပျက်စီးစေလျှက်ရှိသည်။ ရှမ်းလူ့အခွင့်အရေး ဖောင်ဒေးရှင်း (SHRF) ကလည်း ဒေသခံလူထုအပေါ် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ခြိမ်းခြောက်မှုများ ပိုမိုဖြစ်ပေါ်လာနေမှုကို အစီရင်ခံထားသည်။ တရုတ်ကုမ္ပဏီတစ်ခုနှင့် “ဝ” ပြည်သွေးစည်းညီညွတ်ရေး တပ်မတော် (UWSA) တို့က မိုင်းတုံမြို့နယ်၊ လွိုင်ခီးလက်တောင်၏ တောင်ဘက်တွင် အကြီးစား တန်စတင် သတ္တုတွင်းတစ်ခုကို မကြာသေးမီက စတင်လည်ပတ်နေပြီဖြစ်ကြောင်း ကြေညာခဲ့သည်။ တစ်ချိန်တည်းတွင် ရုရှားကုမ္ပဏီတစ်ခုသည် စစ်အာဏာရှင်အဖွဲ့နှင့် ပူးပေါင်း၍ ထိုတောင်၏ မြောက်ဘက်တောင်စောင်းတွင် တန်စတင်သတ္တုတူးဖော်ရေး လုပ်ငန်း စတင်ရန် ပြင်ဆင်နေသည်။ အဆိုပါတောင်သည် ထိုင်းနိုင်ငံနယ်စပ်မှ ကီလိုမီတာ ၂၀ ခန့်အကွာတွင် တည်ရှိသည်။[69]

SHRF ၏ ဖော်ပြချက်အရ ယင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းသစ် သတ္တုတွင်းမှ စီးဆင်းလာသည့် သဲနှင့် အနည်အနှစ်များကြောင့် သတ္တုတွင်းအောက်ပိုင်းတွင် နေထိုင်သည့် ကျေးရွာသားများ၏ ကျန်းမာရေးနှင့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ် စတင်ထိခိုက်နေပြီဖြစ်သည်။ သတ္တုတွင်းမှ ထွက်ရှိလာသည့် အနည်အနှစ်များကြောင့် စပါးခင်းများ ရေလွှမ်းခံခဲ့ရပြီး စိုက်ပျိုး၍ မရတော့သည့်အပြင် ဒေသခံများ၏ အသက် မွေးဝမ်းကျောင်းများ ရေရှည်တည်တံ့နိုင်ရေးအပေါ် နောက်ထပ်ခြိမ်းခြောက်မှုများလည်း ဖြစ်ပေါ်လျက်ရှိသည်။[70]

---

68 Punishment of scam workers at a scam compound in Tachileik, Shan Human Rights Foundation, 18 May 2026

69 China and Russia vie for tungsten deposits around Loi Khi Lek, the highest mountain in Mong Ton township, Shan Human Rights Foundation, 4 June 2026

70 Ibid

ရှမ်းတိုင်းရင်းသား ပြည်သူလူထုသည် မိမိတို့၏ မိခင်ဘာသာစကားကို သင်ကြားခွင့်နှင့် ယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းခွင့်များအပေါ် ကန့်သတ်မှုများကို ရင်ဆိုင်နေရသည်။ ND–Burma အဖွဲ့ဝင် အဖွဲ့အစည်းဖြစ်သည့် တအာင်းအမျိုးသမီးအဖွဲ့ (TWO) ၏ အစီရင်ခံချက်အရ ရှမ်းပြည်နယ် မြောက်ပိုင်းတွင် ပြည်တွင်းနေရပ်စွန့်ခွာသူ (IDP) အရေအတွက်မှာ အနည်းဆုံး ၄,၃၇၀ ဦးရှိပြီး ဒေသတွင်း လုံခြုံရေး အခြေအနေ အကန့်အသတ်ရှိခြင်းကြောင့် အမှန်တကယ်ရှိသည့် IDP အရေအတွက်ကို ကောက် ယူစုဆောင်းနိုင်ခြင်း မရှိသဖြင့် IDP အရေအတွက်မှာ ယင်းထက် ပိုမို များပြားနိုင်သည်။

ရှမ်းပြည်နယ်တွင် လူ့အခွင့်အရေးအဖွဲ့အစည်းများက လူ့အခွင့်အရေးချိုးဖောက်မှု ဖြစ်စဉ် ၄၈ ခုကို မှတ်တမ်းတင်ထားသည်။

## တနင်္သာရီတိုင်းဒေသကြီး

တနင်္သာရီတိုင်းဒေသကြီးတွင် ဆက်လက်ဖြစ်ပွားနေသည့် ပဋိပက္ခများ၊ စစ်အာဏာရှင်အဖွဲ့၏ ဖိနှိပ်ချုပ်ချယ်မှုများနှင့် ကုမ္ပဏီများနှင့် မြေယာပိုင်ဆိုင်မှုဆိုင်ရာ အငြင်းပွားမှုများကြောင့် လူ့အခွင့်အရေး အခြေအနေမှာ ဆိုးရွားစွာ ထိခိုက်လျှက်ရှိသည်။ အရပ်သားများသည် ရည်ရွယ်ချက်ရှိရှိ လေကြောင်းတိုက်ခိုက်မှုများ၊ ငွေညှစ်မှုများနှင့် အတင်းအကျပ် နေရပ်စွန့်ခွာထွက်ပြေးရမှုများ အပါအဝင် အမြဲတစေဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ရင်ဆိုင်နေရသည်။ ပိုမိုဆိုးရွားလာသည့် အကြမ်းဖက်မှုများကြောင့် အရပ်သားထောင်ပေါင်းများစွာသည် မိမိတို့၏ နေအိမ်များမှ နေရပ်စွန့်ခွာ ထွက်ပြေးခဲ့ရသည်။ စစ်အာဏာရှင်အဖွဲ့၏ တပ်ဖွဲ့များသည် အမြောက်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ၊ မြေမြှုပ်မိုင်းများနှင့် လေကြောင်းတိုက်ခိုက်မှုများကို ပုံမှန်အသုံးပြုလျှက်ရှိသည်။ စစ်တပ်မှ ခွဲခြားစိ စစ်မှုမရှိဘဲ အရပ်သားများအပေါ်ဖုံးကြဲတိုက်ခိုက်မှုများကြောင့် အမျိုးသမီးများနှင့် ကလေးငယ်များ အပါအဝင် အရပ်သားများ သေဆုံးထိခိုက်ခဲ့မှုများကို မွန်ပြည်လူ့အခွင့် အရေးဖောင်ဒေးရှင်း (HURFOM) သည် အစဉ်တစိုက် မှတ်တမ်းတင်လျှက်ရှိသည်။ ထို့အပြင် HURFOM သည် စစ်အာဏာ ရှင်အဖွဲ့က ဆက်သွယ်ရေးများကို တင်းကျပ်စွာ စောင့်ကြည့်ထိန်းချုပ်နေပြီး Signal ကဲ့သို့သော ဝက်စာ စနစ်အသုံးပြုသည့် ဆက်သွယ်ရေး ပလက်ဖောင်းများကို အသုံးပြုခြင်းကြောင့် ဒေသခံများ ဖမ်းဆီး ထိန်းသိမ်းခံခဲ့ရကြောင်းလည်း မှတ်တမ်းတင်ထားသည်။

HURFOM ၏ မှတ်တမ်းများတွင် မြိတ်ခရိုင်၊ တနင်္သာရီမြို့နယ်၊ တကူကျေးရွာအုပ်စုအတွင်း လုံခြုံရေး အခြေအနေ ပိုမိုဆိုးရွားလာနေမှုကိုလည်း ဖော်ပြထားသည်။ အဆိုပါဒေသတွင် တိုက်ပွဲဖြစ်ပွားနေခြင်း မရှိသော်လည်း ကာမီကာဇေ ဒရုန်းတိုက်ခိုက်မှုများဖြင့် သတ္တမအကြိမ် ပစ်မှတ်ထား တိုက်ခိုက်ခံခဲ့ရသည်။ တိုက်ခိုက်မှုတစ်ကြိမ်စီတွင် ပုံမှန်အားဖြင့် ကာမီကာဇေ ဒရုန်းတစ်စင်း သို့မဟုတ် နှစ်စင်းပါဝင်ခဲ့သည်။[71] ဒေသခံ

71 The Human Rights Foundation of Monland Monthly Update: April 2026

သတင်းရင်းမြစ်များ၏ အဆိုအရ စစ်အာဏာရှင်အဖွဲ့သည် တကူကျေးရွာအုပ်စုအတွင်း ဒရုန်းတိုက် ခိုက်မှုများကို ယမန်နှစ် ဒီဇင်ဘာလတွင် စတင်ခဲ့သည်။ ထိုအချိန်မှစ၍ ယခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်၊ ဖေဖော်ဝါရီလ ၂၁ ရက်၊ မတ်လ ၁၀ ရက်၊ မတ်လ ၁၆ ရက်နှင့် မတ်လ ၂၄ ရက်တို့ တွင် ထပ်မံတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားခဲ့သည်။[72] တိုက်ပွဲဖြစ်ပွားမှု မရှိသည့်အချိန်တွင်ပင် ယခုကဲ့သို့ ထပ်တလဲလဲ တိုက်ခိုက်မှုများ ပြုလုပ်နေခြင်းကြောင့် အရပ်သားများအကြား အကြောက်တရားနှင့် လုံခြုံမှုမရှိသည့် ခံစားချက်များ ပိုမိုမြင့်တက်လာပြီး ၎င်းတို့၏ နေအိမ်များနှင့် လုံခြုံရေးအပေါ် ဆက်လက်ခြိမ်းခြောက်မှုများကို ရင်ဆိုင်နေရသည်။

တနင်္သာရီတိုင်းဒေသကြီးတွင် လူ့အခွင့်အရေးအဖွဲ့အစည်းများက လူ့အခွင့်အရေးချိုးဖောက်မှု ဖြစ်စဉ် ၅၇ ခုကို မှတ်တမ်းတင်ထားသည်။

## ရန်ကုန်တိုင်းဒေသကြီး

စစ်အာဏာရှင်အဖွဲ့၏ အုပ်ချုပ်မှုအောက်၌ ရန်ကုန်တိုင်းဒေသကြီးရှိ လူ့အခွင့်အရေးအခြေအနေမှာ ဆက်လက် ထိခိုက်လျှက်ရှိသည်။ ညအချိန် ဝင်ရောက်စီးနင်းရှာဖွေခြင်းများ၊ စစ်မှုထမ်းခြင်းနှင့် ဆက်နွယ်သည့် ပြန်ပေးဆွဲဖမ်းဆီးမှုများ၊ အင်တာနက် ဖြတ်တောက်ပိတ်ပင်မှုများနှင့် တော်လှန်ရေးအင်အား စုများကအရပ်သားများကို ပစ်မှတ်ထားတိုက်ခိုက်မှုများအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားလျှက်ရှိသည်။ ကုလသမဂ္ဂ၏ မှတ်တမ်းများအရ ရန်ကုန်တိုင်းဒေသကြီးနှင့် အနီးဝန်းကျင်ဒေသများတွင် သတ်ဖြတ်မှုများနှင့် အတင်းအကျပ် စစ်မှုထမ်းစေခြင်းများအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှု ဖြစ်စဉ်ပေါင်း ၁,၁၀၀ ကျော်ကို မှတ်တမ်းတင်ထားသည်။[73] ကျေးလက်ဒေသများတွင် ပိုမိုပြင်းထန်သည့် အကြမ်းဖက်မှုများကို ရင်ဆိုင်နေရသော်လည်း ရန်ကုန်တိုင်းဒေသကြီးမှာ ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိနေသည်ဟု မဆိုနိုင်သေးပေ။ စစ်ဆေးရေးဂိတ်များတွင် စစ်ဆေး မေးမြန်းခြင်းများနှင့် အတင်းအကျပ် ပျောက်ဆုံးစေမှုများလည်း ဆက်လက်ဖြစ်ပွားနေသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် လူ့အခွင့်အရေးချိုးဖောက်မှု ဖြစ်စဉ် ၂ ခုကို မှတ်တမ်းတင်ထားသည်။

72 Ibid

73 Over 1,100 human rights violations reported in Yangon, Sagaing, Magway, and Naypyidaw in one year, Burma News International, 14 May 2026

# ဖြစ်ရပ်မှန်များ

**၁။ အသက် ၃၅ နှစ်အရွယ် အမျိုးသမီး ဖမ်းဆီးခံရပြီး သတ်ဖြတ်ခံရခြင်း (မွန်ပြည်လူ့အခွင့်အရေး ဖောင်ဒေးရှင်း)**

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ သဲချောင်း ကျေးရွာအုပ်စု၊ သဗုတ်ချောင်းကျေးရွာမှ မခိုင်အမည်ရှိ အသက် ၃၅ နှစ်အရွယ် အမျိုးသမီးတဦးကို ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ၎င်း၏ "ပျူစောထီး" အဖွဲ့က နေအိမ်တွင် လာရောက်ဖမ်းဆီးခဲ့သည်။ မခိုင်သည် အုပ်ချုပ်ရေးမှူး၏ နေအိမ်မှ ရွှေနှင့် အခြားတန်ဖိုးရှိပစ္စည်းများ ခိုးယူခဲ့သည်ဟု စွပ်စွဲခံခဲ့ရသည်။ မခိုင်ကို စစ်ဆေးမေးမြန်းရန်အတွက် အုပ်ချုပ်ရေးမှူး၏ နေအိမ်သို့ ခေါ်ဆောင်သွားခဲ့ပြီး ညှဉ်းပန်းနှိပ် စက်ခံခဲ့ရ ၍ ဖမ်းဆီးခံရပြီး တစ်ရက်အကြာ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် သေဆုံးခဲ့သည်။

> *"မခိုင်ကို ခေါ်သွားတဲ့အချိန်မှာ သူ့အမျိုးသားက လိုက်သွားခဲ့ပါတယ်။ ဒါပေမယ့် အုပ်ချုပ်ရေးမှူးရဲ့ အိမ်ကိုရောက်တဲ့အခါ သူ့အမျိုးသားကို အိမ်ပြန်ခိုင်းခဲ့ပါတယ်။ နောက်တနေ့မနက်မှာ အုပ်ချုပ်ရေးမှူးက သူ့အမျိုးသားကို သူ့ဇနီး သေဆုံးသွားပြီလို့ ပြောပြီး အလောင်းကို ပြန်သယ်ဖို့ ခေါ်ခဲ့ပါတယ်"*

ဟု ထိခိုက်နစ်နာသူ၏ မိသားစုနှင့် နီးစပ်သူတစ်ဦးက ပြောသည်။

မခိုင်၏ မျက်နှာတွင် ပြတ်ရှဒဏ်ရာများနှင့် လက်နှင့် ကျောတွင် ရိုက်နှက်ဒဏ်ရာများ တွေ့ရှိရသည်။ ၎င်း၏ ရုပ်အလောင်းကို ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် မီးသင်္ဂြိုဟ်ခဲ့သည်။ "ပျူစောထီး" အဖွဲ့က မခိုင်သည် မိမိကိုယ်ကို အဆုံးစီရင်ခဲ့ခြင်းဖြစ်ကြောင်း ရွာသားများကို ပြောကြားခဲ့သည်။ ယနေ့အချိန်အထိ မခိုင်သေဆုံးမှုနှင့်ပတ်သက်၍ မည်သည့် ဥပဒေနှင့်မျှ အရေးယူဆောင်ရွက်ထားခြင်း မရှိသေးပေ။

## ၂။ ဖလမ်းမြို့နယ်တွင် စစ်အာဏာရှင်အဖွဲ့၏ စစ်ကြောင်းက အသက် ၇၀ အရွယ် အမျိုးသမီးကြီး တဦးကို ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခြင်း (ချင်းလူ့အခွင့်အရေးအဖွဲ့)

ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်၊ သန်းနီယာကျေးရွာသို့ စစ်ကြောင်းထိုးဝင်ရောက်လာသည့် စစ်အာဏာရှင်အဖွဲ့၏ တပ်ဖွဲ့ဝင်များက အသက် ၇၀ အရွယ် အမျိုးသမီးကြီးတဦးကို ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့သည်။ ဧပြီလ ၂၆ ရက်နေ့ (တနင်္လာနေ့) နံနက်ပိုင်းတွင် အဆိုပါ အမျိုးသမီးကြီးသည် မြေးဖြစ်သူနှင့်အတူ ကျေးရွာအတွင်းရှိ နေအိမ်သို့ ဝက်စာကျွေးရန် သွားရောက်ခဲ့သည်။ သို့သော် ယာယီခိုလှုံရာ နေရာသို့ ပြန်လည်ရောက် ရှိမလာဘဲ ပျောက်ဆုံးနေခဲ့သည်။

သေဆုံးသူ၏ ဆွေမျိုးတစ်ဦးက

> *“ကျွန်တော်တို့ တစ်ရွာလုံးက ပဋိပက္ခတွေကြောင့် ဘေးလွတ်ရာကို ထွက်ပြေးနေကြရပါတယ်။ အဖွားက မြေးနဲ့အတူ ဝက်တွေကို အစာကျွေးဖို့ ကျေးရွာထဲကို နေ့တိုင်း သွားလေ့ရှိပါတယ်။ တနင်္လာနေ့မနက်က သွားပြီးနောက် ပြန်မလာတော့ပါဘူး။ ဒီမနက် (ဧပြီလ ၂၉ ရက်) ကျေးရွာထဲကို ဝင်ပြီး ရှာဖွေတဲ့အခါ သူ့အိမ်ထဲက အိပ်ရာပေါ်မှာ အလောင်းကို တွေ့ခဲ့ပါတယ်။ စစ်အာဏာရှင်တပ်တွေက အိမ်ကိုလည်း မီးရှို့ဖျက်ဆီးဖို့ ကြိုးစားခဲ့ပေမယ့် မီးမလောင်ခဲ့ပါဘူး”*

ဟု ပြောကြားခဲ့သည်။

စစ်အာဏာရှင်အဖွဲ့၏ တပ်ဖွဲ့ဝင်များက ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့သည့် အဆိုပါအမျိုးသမီးကြီး၏ ရုပ်အလောင်းကို ဧပြီလ ၂၉ ရက်နေ့ နံနက်ပိုင်းတွင် ဒေသခံများက ကျေးရွာအတွင်း ပြန်လည်ဝင်ရောက်၍ ရှာဖွေစဉ် တွေ့ရှိခဲ့ခြင်း ဖြစ်သည်။

## ၃။ စစ်ဘက်ဆိုင်ရာ အခကြေးငွေ မပေးဆောင်နိုင်သည့် အိမ်ထောင်စုများအား သတိပေးခြင်းနှင့် ခြိမ်းခြောက်ခြင်း (ပအိုဝ်းလူငယ်အစည်းအရုံး)

စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းပြီးနောက် စတင်ကောက်ခံလာသည့် အခွန်အခများကြောင့် ဒေသခံလူထုသည် ဘဏ္ဍာရေး အခက်အခဲများကို ရင်ဆိုင်နေရသည်။ ၂၀၂၆ ခုနှစ်တွင် စစ်အာဏာရှင်အဖွဲ့က အိမ်ထောင်စုတစုလျှင် မြန်မာကျပ်ငွေ ၅၀,၀၀၀ ကောက်ခံရန် တောင်းဆိုထားသည်။ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)

၏ ပြည်သူ့စစ်အဖွဲ့အတွက်မူ အိမ်ထောင်စုတစုလျှင် တလ မြန်မာကျပ်ငွေ ၂၅,၀၀၀ ပေးဆောင်ရပြီး တနှစ်လျှင် နှစ်ကြိမ်ကောက်ခံကာ ကျေးရွာကော်မတီမှတဆင့် ကျေးရွာအုပ်ချုပ်ရေးမှူးထံ ပေးအပ်ရသည်။ လက်ရှိတွင် အချို့အိမ်ထောင်စုများအနေဖြင့် လစဉ်ပေးဆောင်ရန် မတတ်နိုင် သည့်အခြေအနေများ ရှိနေသော်လည်း သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများက သတိပေးခြင်းနှင့် ခြိမ်းခြောက်ခြင်းများ ပြုလုပ်နေကြောင်း သိရသည်။ အလားတူ အခြားကျေးရွာများတွင်လည်း အိမ်ထောင်စုအရေအတွက်အပေါ် မူတည်၍ အခွန်အခများ ပေးဆောင်ရန် လိုအပ်ကြောင်း သိရသည်။ အဆိုပါ အခွန်အခများကို ဒေသတွင်း လုံခြုံရေးအတွက်ဟုဆိုကာ ကောက်ခံနေခြင်း ဖြစ်သည်။

> *“ဒီအခွန်ငွေတွေကို လုံခြုံရေးအတွက် တကယ်အသုံးပြုတာ ဟုတ်၊ မဟုတ်ဆိုတာ ကျွန်တော်တို့ မသိပါဘူး။ ဒီနှစ်မှာ ကုန်စျေးနှုန်းတွေ အဆမတန်မြင့်တက်လာပြီး လယ်ယာလုပ်ငန်းတွေလည်း အဆင် မပြေတော့တဲ့အတွက် အခွန်လာကောက်တဲ့အချိန်မှာ မပေးနိုင်တဲ့ အချိန်တွေ ရှိပါတယ်။ တ ခါတလေ တခြားသူတွေဆီကနေ ငွေချေး ပြီး ပေးရတာတွေတောင် ရှိပါတယ်။ ဒါက တကယ့်ကို အခက်အခဲနဲ့ ရှုန်းကန်ရမှုတွေ ဖြစ်စေပါတယ်”*

ဟု ဒေသခံအရပ်သားတဦးက ပြောကြားခဲ့သည်။

### ၄။ နောင်ချိုမြို့နယ်တွင် ကြံခုတ်နေစဉ် မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် ကလေးတဦးအပါအဝင် အမျိုးသမီး ၄ ဦး ထိခိုက်ဒဏ်ရာရရှိခြင်း (တအာင်းအမျိုးသမီးအဖွဲ့အစည်း)

ရှမ်းပြည်နယ်မြောက်ပိုင်း၊ နောင်ချိုမြို့နယ်၊ ကုန်းဆန်ကျေးရွာ၏ အရှေ့ဘက်တွင် ကြံရိတ်သိမ်းနေစဉ် မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် အသက် ၈ နှစ်အရွယ် ကလေးတဦးအပါအဝင် အမျိုးသမီး ၄ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ အဆိုပါဖြစ်စဉ်မှာ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နံနက် ၈ နာရီခန့်တွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ထိခိုက်ဒဏ်ရာရရှိသူများမှာ အသက် ၄၃ နှစ်အရွယ် အမျိုးသမီးတစ်ဦး၊ အသက် ၂၇ နှစ်အရွယ် မစန်းညို၊ အသက် ၃၃ နှစ်အရွယ် မအေးအေးအောင်နှင့် ၎င်း၏ အသက် ၈ နှစ် အရွယ် သမီးတို့ ဖြစ်ကြပြီး ၎င်းတို့အားလုံးသည် ကုန်းဆန်ကျေးရွာတွင် နေထိုင်သူများ ဖြစ်ကြသည်။

ထိခိုက်ဒဏ်ရာရရှိသူ အမျိုးသမီးတဦးက တအာင်းအမျိုးသမီးအဖွဲ့ (TWO) သို့

> *“ကျွန်မရဲ့ အမျိုးသား စစ်မှုထမ်းဖို့ ခေါ်ဆောင်ခံရပြီးနောက် မန္တလေးမှာ ဆက်နေဖို့ အခက်အခဲတွေ ဖြစ်လာတာကြောင့် မကြာသေးခင်က နောင်ချိုကို ပြန်လာခဲ့ပါတယ်။ ရွာကနေ နှစ်မိုင်လောက် အကွာမှာရှိတဲ့ ကိုယ်ပိုင်ကြံခင်းထဲမှာ ကြံရိတ်သိမ်းနေတုန်း မိုင်း ပေါက်ကွဲခဲ့တာပါ”*

ဟု ပြောကြားခဲ့သည်။

အမျိုးသမီးတဦး၏ ညာဘက်ခြေထောက် ကျိုးသွားခဲ့ပြီး အခြားအမျိုးသမီးတဦးမှာ ဘယ်ဘက်ခြေထောက်နှင့် မျက်လုံးအထက်တွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။ အမျိုးသမီးတဦး၏ ဦးခေါင်းနောက်ဘက်၊ ညာဘက်ပေါင်နှင့် ဘယ်ဘက်နားအနောက်ဘက်တို့တွင်လည်း မိုင်းစထိမှန်သည့် ဒဏ်ရာငယ်များရရှိခဲ့သည်။ အသက် ၈ နှစ်အရွယ် ကလေးငယ်မှာ ဘယ်ဘက်ခြေဖနောင့်နှင့် ညာဘက်နားတွင် ဒဏ်ရာငယ်များရရှိခဲ့သည်။

ဒေသခံသတင်းရင်းမြစ်များ၏ အဆိုအရ အဆိုပါ မိုင်းပေါက်ကွဲမှု ဖြစ်ပွားခဲ့သည့် နေရာတွင် ယခင်က ဓနုလူမျိုးများ လွတ်မြောက်ရေးတပ်မတော် (DPLA) နှင့် တအာင်းအမျိုးသား လွတ်မြောက်ရေးတပ် မတော် (PSLF/TNLA) တို့၏ လှုပ်ရှားမှုများနှင့် တပ်ဖွဲ့ဝင်များ ရှိခဲ့ကြောင်း သိရသည်။

## ၅။ ပဲခူးတိုင်းဒေသကြီးတွင် ဒေသခံအမျိုးသားတစ်ဦးကို စစ်အာဏာရှင်အဖွဲ့၏ တပ်ဖွဲ့ဝင်များက သတ်ဖြတ်ပြီး ရုပ်အလောင်းကို မီးရှို့ဖျက်ဆီးခြင်း (လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများအဖွဲ့)

လူ့အခွင့်အရေးကာကွယ်သူများနှင့် မြှင့်တင်သူများ၏ မှတ်တမ်းများအရ ၂၀၂၄ ခုနှစ် ဇွန်လ ၉ ရက်နေ့ တွင် ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်မှ အသက် ၆၄ နှစ်အရွယ် ဒေသခံအမျိုးသားတဦးကို စစ်အာဏာရှင်အဖွဲ့၏ တပ်ဖွဲ့ဝင်များက သတ်ဖြတ်ပြီး ရုပ်အလောင်းကို မီးရှို့ခဲ့သည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ အုတ်ဖိုမြို့နယ်မှ အမည်ဝှက်ဖြင့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူ ကိုဝလုံး က ယခုလို ပြောကြားသည်။

> *“ဇွန်လ ၉ ရက်နေ့မှာ စစ်ကြောင်းတကြောင်းက စစ်ဆင်ရေး ပြုလုပ်ရင်း ရွာထဲကို ဝင်ရောက်စီးနင်းပြီး မီးရှို့ခဲ့ပါတယ်။ အဲဒီမှာ အသက် ၆၄ နှစ်အရွယ် ဒေသခံတဦးကို မီးရှို့သတ်ဖြတ်ခဲ့ပါတယ်။ အရိုးစုတွေပဲ ကျန်ခဲ့ပါတယ်။ စစ်တပ်က ရွာကို မီးရှို့ခဲ့တာကြောင့် အရုပ်သားနေအိမ် ၁၀၀ ခန့်လည်း မီးလောင်ပြာ ကျခဲ့ပါတယ်”*။

## ၆။ အမြောက်ဖြင့်ပစ်ခတ်တိုက်ခိုက်မှုကြောင့် ထားဝယ်ခရိုင်မှ အမျိုးသမီးတဦး နေရာတွင်ပင် သေဆုံးခြင်း (ထားဝယ်အမျိုးသမီးသမဂ္ဂ)

သင်းကျွန်းကျေးရွာ အနီးရှိ လယ်ကွင်းအတွင်းသို့ စစ်အာဏာရှင်အဖွဲ့၏ စစ်ဆေးရေးဂိတ်မှ ပစ်ခတ်လိုက်သည့် အမြောက်ကျည်တစ်လုံး ကျရောက်ပေါက်ကွဲမှုကြောင့် ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့နယ်၊ သင်းကျွန်းကျေးရွာမှ ဒေါ်အေးအေးမူသည် နေရာတွင်ပင် သေဆုံးခဲ့သည်။

၂၀၂၆ ခုနှစ် ဇွန်လ ၁ ရက်နေ့ ညနေ ၄ နာရီခန့်တွင် တိုက်ပွဲဖြစ်ပွားခြင်း မရှိသော်လည်း သရက်နှစ်ခွ စစ်ဆေးရေးတံတားမှ သင်းကျွန်းကျေးရွာဘက်သို့ အမြောက်ကြီးများဖြင့် ပစ်ခတ်ခဲ့သည်။ ပထမအကြိမ် ပစ်ခတ်လိုက်သည့် အမြောက်ကျည်မှာ သင်းကျွန်းကျေးရွာရှိ နေအိမ်တလုံး၏ အနောက်ဘက်သို့ ကျရောက်ခဲ့ပြီး ဒုတိယအကြိမ် ပစ်ခတ်လိုက်သည့် အမြောက်ကျည်မှာ ဒေါ်အေးအေးမူနှင့် အခြားသူများရှိနေသည့် ကျေးရွာအတွင်းရှိ လယ်ကွင်းတခုသို့ ကျရောက်ပေါက်ကွဲခဲ့သည်။

အမြောက်ကျည်ပေါက်ကွဲမှုကြောင့် လယ်တဲအတွင်း ရှိနေသည့် အသက် ၆၀ အရွယ် ဒေါ်အေးအေးမူ၊ အသက် ၆၁ နှစ်အရွယ် ၎င်း၏ခင်ပွန်း ဦးနီထွန်းနှင့် အသက် ၆၆ နှစ်အရွယ် ခယ်မဖြစ်သူ ဒေါ်ရွှေငွေတို့ ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ဒေါ်အေးအေးမူ၏ ဝမ်းဗိုက်တွင် ပြင်းထန်စွာ ထိခိုက်ဒဏ်ရာ ရရှိခဲ့ပြီး ဝမ်းဗိုက်ပွင့်ထွက်ကာ အတွင်းအင်္ဂါများ ပေါ်ထွက်လာသည့်အပြင် ဘယ်ဘက်ပေါင်နှင့် ခြေထောက်တို့တွင်လည်း ပြင်းထန်သော ဒဏ်ရာများရရှိခဲ့သဖြင့် နေရာတွင်ပင် သေဆုံးခဲ့သည်။

အနီးဝန်းကျင်ရှိ ကျေးရွာများမှ ကယ်ဆယ်ရေးဝန်ဆောင်မှုများ ကူညီဆောင်ရွက်ပေးသော်လည်း ဒဏ်ရာရရှိသူများကို ထားဝယ်ခရိုင်သို့ ပို့ဆောင်ပေးရန် စိုးရိမ်ကြသဖြင့် ထားဝယ်ခရိုင်အခြေစိုက် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့က ဒဏ်ရာရရှိသူများကို ထားဝယ်ခရိုင်ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့သည်။ သို့သော် ထားဝယ်မြို့မှ စေလွှတ်လိုက်သည့် အရေးပေါ်ကယ်ဆယ်ရေးယာဉ်များသည် သင်းကျွန်း ကျေးရွာသို့ ရောက်ရှိရန် မိနစ် ၃၀ ခန့် ကြာမြင့်ခဲ့သည်။ အမြောက်ကြီးပစ်ခတ်မှုကြောင့် ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ဒေါ်အေးအေးမူ၏ ခင်ပွန်း ဦးနီထွန်းနှင့် ခယ်မဖြစ်သူ ဒေါ်ရွှေငွေတို့လည်း နောက်ပိုင်းတွင် သေဆုံးခဲ့သည်။

## ၇။ အရပ်ဝတ်ရဲတပ်ဖွဲ့ဝင်များက လမ်းပေါ်တွင် ပစ်ခတ်ရာမှ ကလေးငယ်များ ထိမှန်ဒဏ်ရာရရှိခြင်း (ကချင်အမျိုးသမီးအစည်းအရုံး ထိုင်းနိုင်ငံ)

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့ ညနေ ၅ နာရီခွဲခန့်တွင် ကလေးငယ်နှစ်ဦးသည် မိမိတို့နေအိမ်ရှေ့လမ်းဘေး၌ ကစားနေစဉ် သံသယရှိသူတဦးကို အဖြူရောင်ကိုယ်ပိုင်ကားတစီးဖြင့် လိုက်လံဖမ်းဆီးနေသည့် အရပ်ဝတ်ရဲတပ်ဖွဲ့ဝင်များက ပစ်ခတ်ခဲ့ရာ အနီးအနားတွင် ကစားနေသည့် ကလေးငယ်များကို

ကျည်ဆန်ထိမှန်ခဲ့သည်။ ပစ်ခတ်မှုကြောင့် ယောကျ်ားလေး၏ ဘယ်ဘက်လက်ဖျံကို ကျည်ဆန် ရှပ်မှန်ခဲ့ပြီး ဝမ်းဗိုက်ကိုလည်း ကျည်ဆန်ထိမှန်ခဲ့သည်။ ၎င်း၏ ညီမဖြစ်သူမှာလည်း ကျည်ဆန် ရှပ်မှန်၍ အနည်းငယ် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

မျက်မြင်သက်သေများ၏ ပြောကြားချက်အရ အရပ်ဝတ်ရဲတပ်ဖွဲ့ဝင်များသည် ၎င်းတို့၏ ထိန်းသိမ်းမှုမှ ထွက်ပြေးလွတ်မြောက်သွားသူတဦးကို လိုက်လံဖမ်းဆီးနေခြင်း ဖြစ်နိုင်ကြောင်း သိရသည်။





*၂၀၂၆ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့၊ ကရင်ပြည်နယ်၊ မြဝတီမြို့နယ်ရှိ စစ်ဘေးရှောင်စခန်းတစ်ခုအား အာဏာသိမ်းစစ်တပ်မှ ဒရုန်းဖြင့်တိုက်ခိုက်ခဲ့သည်။ (ဓါတ်ပုံ – HURFOM)*

# နိဂုံးချုပ်

မြန်မာနိုင်ငံတွင် လူ့အခွင့်အရေး အခြေအနေများ ဆက်လက်၍ လျင်မြန်စွာ ဆိုးဆိုးရွားရွား ယုတ်လျော့လာနေခြင်းသည် အလွန်စိုးရိမ်ဖွယ်ရာ အခြေအနေတရပ်ဖြစ်ပြီး ချက်ချင်း အရေးယူဆောင်ရွက်မှုနှင့် ကြားဝင်ဆောင်ရွက်မှုများ လိုအပ်လျှက်ရှိသည်။ အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းက ထိရောက်စွာ အရေးယူဆောင်ရွက်ခြင်း မရှိသေးသည့်အချိန်တွင် စစ်အာဏာရှင်အဖွဲ့သည် ပြစ်ဒဏ်ကင်းလွတ်ခွင့်ဖြင့် ရက်စက်ကြမ်းကြုတ်သည့် ရာဇဝတ်မှုများကို ဆက်လက်ကျူးလွန်လျှက်ရှိသည်။

မင်းအောင်လှိုင်က မိမိကိုယ်ကို သမ္မတအဖြစ်ခန့်အပ်ကြောင်း ကြေညာပြီးနောက် ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ အဖွဲ့အစည်းများက မြန်မာနိုင်ငံသည် ပုံမှန်အခြေအနေသို့ ပြန်ရောက်ပြီဟု သတ်မှတ်လာသည့်အချိန်တွင် အရပ်သားများအား ကာကွယ်ပေးရေး အခြေအနေများ ဆက်လက်ကျဆင်းလာနေမှုက အန္တရာယ်တရပ်အဖြစ် ရှိနေသည်။ ယင်းသို့ ဖြစ်ပေါ်လာခြင်းမှာ စစ်ဘက်အရာရှိကြီးများအား တာဝန်ခံမှုမှ ရှောင်လွှဲနိုင်ရန် အစဉ်တစိုက် ခွင့်ပြုခဲ့ခြင်းနှင့်လည်း ဆက်စပ်နေသည်။ စစ်အာဏာရှင်အဖွဲ့၏ ရက်စက်ကြမ်းကြုတ်သည့် နည်းလမ်းများဖြင့် တရားဝင်မှုရစေရန် ကြိုးပမ်းမှု၏ အကျိုးဆက်မှာ လူ့အသက်များ ဆုံးရှုံးခြင်းဖြစ်သည်။

ND-Burma အဖွဲ့ဝင်အဖွဲ့အစည်းများသည် မိမိတို့ သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးများအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများကို အလွန်ကြီးမားသည့် အန္တရာယ်များကြားမှပင် ရဲဝံ့စွာ ဆက်လက်မှတ်တမ်းတင်လျှက်ရှိပြီး မိမိတို့၏ လူထုအသိုင်းအဝိုင်းများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှု ရရှိရေးကို ကြိုးပမ်းလျှက်ရှိသည်။ လူ့အခွင့်အရေးကာကွယ်သူများသည် မတရားမှုများကို မီးမောင်းထိုး ဖော်ပြခြင်းနှင့် ပြောင်းလဲမှုများအတွက် တောင်းဆိုသံများကို ဆက်လက်၍ ကျယ်ကျယ်လောင်လောင် ဖော်ထုတ်နေ ခြင်းတို့ကြောင့် ပစ်မှတ်ထားခံနေရသည်။ နိုင်ငံတဝန်းရှိ လူထုအသိုင်းအဝိုင်းသည် အမြဲတစေ နေရပ်စွန့်ခွာထွက်ပြေးရခြင်းနှင့် လူသားတဦးအဖြစ် ရပ်တည်နေထိုင်ခွင့်များ ဆုံးရှုံးနေရသည်။

မြေမြှုပ်မိုင်းများနှင့် စစ်အာဏာရှင်အဖွဲ့၏ တပ်ဖွဲ့ဝင်များ အမြဲတမ်းရှိနေခြင်းတို့ကြောင့် လူထု၏ နေ့စဉ်ဘဝများ ပိုမိုခက်ခဲလာပြီး ရှင်သန်ရပ်တည်နိုင်ရေးအတွက် စိန်ခေါ်မှုများကို ဆက်လက်ရင်ဆိုင်နေရသည်။ မသေချာမရေရာမှုများ ပြည့်နှက်နေသည့် အခြေအနေများကြားတွင် ပြည်သူတို့၏ ကြံ့ကြံ့ခံနိုင်မှုက ၎င်းတို့၏ အင်အားနှင့် ရဲစွမ်းသတ္တိကို ဖော်ပြနေသော်လည်း အာဏာရှိသူများအနေဖြင့် အဓိပ္ပာယ်ရှိပြီး ထိရောက်သည့် တုံ့ပြန်ဆောင်ရွက်မှုများ ပြုလုပ်ရမည်ဖြစ်သည်။

မြေပြင်တွင် ပေါ်ပေါက်လာနေသည့် ဖက်ဒရယ်ယူနစ်များ၏ ဖြစ်ထွန်းတိုးတက်မှုများ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်လာခြင်းတို့ကြောင့် လေ့လာသုံးသပ်သူများ၊ စောင့်ကြည့်လေ့လာသူများနှင့် သံတမန်များအနေဖြင့် ဒီမိုကရေစီအရေး လှုပ်ရှားသည့် အဖွဲ့အစည်းများနှင့် အဓိပ္ပာယ်ရှိစွာ ထိတွေ့ဆက်ဆံနိုင်ရန် လမ်းကြောင်းများ ပေါ်ပေါက်လာလျှက်ရှိသည်။

စစ်အာဏာရှင်အဖွဲ့သည် မြန်မာနိုင်ငံရှိ ပြည်သူများ၏ အသံကို ထင်ဟပ်ဖော်ပြခြင်း သို့မဟုတ် ကိုယ်စားပြုခြင်းမရှိပေ။ အပြောင်းအလဲများ ဖြစ်ပေါ်လာစေရန် မမောမပန်း ကြိုးပမ်းတိုက်ပွဲဝင်ခဲ့ကြပြီး ယနေ့တိုင် ဆက်လက်ရပ်တည်နေကြသည့် မြေပြင်မှ ပြည်သူများ၏ တောင်းဆိုချက်များကို အခြေခံကာ ရှေ့ဆက်ချီတက်မည့် လမ်းကြောင်းသည် ဂုဏ်သိက္ခာရှိသည့် တုံ့ပြန်ဆောင်ရွက်မှုများ မလွဲမသွေ ရရှိရမည်ဖြစ်သည်။

# အကြံပြုချက်များ

## ကုလသမဂ္ဂအဖွဲ့အစည်းများ၊ လူ့အခွင့်အရေးကောင်စီနှင့် လုံခြုံရေးကောင်စီသို့

၁။ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေကို အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး (ICC) သို့ ချက်ချင်း လွှဲပြောင်းပေးရန်နှင့် စစ်အာဏာရှင်အဖွဲ့က အရပ်သားများအပေါ် အစုလိုက်အပြုံလိုက် ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများကြောင့် ထိခိုက်နစ်နာသူများအတွက် တရားမျှတမှု ရရှိနိုင်မည့် လမ်းကြောင်းအား လုံးကို ဆက်လက်အကဲဖြတ်စိစစ်ပြီး ထည့်သွင်းစဉ်းစားရန်။

၂။ စစ်အာဏာရှင်အဖွဲ့က ဆက်လက်၍ လေကြောင်းတိုက်ခိုက်မှုများကို ဟန့်တားနိုင်ရန် လေယာဉ်ဆီ ပိတ်ဆို့အရေးယူမှုများ ချမှတ်ပြီး ထိရောက်စွာ အကောင်အထည်ဖော်ရန်။

၃။ မြန်မာနိုင်ငံ၏ မြေပြင်လူ့အခွင့်အရေးအကျပ်အတည်း ပိုမိုဆိုးရွားလာနေမှုကို အသိအမှတ်ပြုသည့် ဆုံးဖြတ်ချက်တစ်ရပ်ကို ချက်ချင်းချမှတ်ရန်နှင့် ပဋိပက္ခဒဏ်ခံစားနေရသည့် မြန်မာနိုင်ငံအတွင်းသို့ လက်နက်များ လွတ်လပ်စွာစီးဝင်နေမှုကို ရပ်တန့်စေရန် ကမ္ဘာလုံးဆိုင်ရာ လက်နက်တင်ပို့ရောင်းချမှု ပိတ်ပင်တားဆီးရေး (global arms embargo) ကို ချမှတ်ပြီး တင်းကျပ်သည့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန်။

၄။ စစ်အာဏာရှင်အဖွဲ့က ကျူးလွန်ခဲ့သည့် လူသားမျိုးနွယ်အပေါ် အစုလိုက်အပြုံလိုက် ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် ပတ်သက်သည့် မှတ်တမ်းများနှင့် သက်သေအထောက်အထားများ ပိုမိုခိုင်မာစေရန် အတွက် မြေပြင်ရှိ အရပ်ဖက်အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာ လူ့အခွင့်အရေး ကာကွယ်သူများကို ပံ့ပိုးကူညီရန်။

၅။ မြန်မာနိုင်ငံ၏ အခြေအနေကို အကဲဖြတ်စောင့်ကြည့်ရန် စောင့်ကြည့်လေ့လာရေးအဖွဲ့တဖွဲ့ကိုချက်ချင်းစေလွှတ်ရန်။

၆။ UNICEF အပါအဝင် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ သက်ဆိုင်သူများအနေဖြင့် စစ်အာဏာရှင်အဖွဲ့၏ ရာဇဝတ်မှုများကြောင့် ထိခိုက်နစ်နာခဲ့ရသည့် ကလေးငယ်များအတွက် တက်ကြွစွာစည်းရုံးဆောင်ရွက်ပေးရန်နှင့် ၎င်းတို့အား မတရားသတ်ဖြတ်ခဲ့မှုများနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန် တောင်းဆိုရန်။ ကလေးငယ်များသည် ပစ်မှတ်မဟုတ်ကြောင်း အခိုင်အမာ သတ်မှတ်နိုင်မည့် စံနမူနာတစ်ရပ် ဖြစ်ပေါ်လာစေရန် သင့်လျော်သည့် ယန္တရားများကိုလည်း ထူထောင်ရန်။

## အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN) သို့

၁။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် မြန်မာနိုင်ငံတွင် အကြမ်းဖက်မှုများ၊ နိုင်ငံရေးအကျဉ်းသားများနှင့် ဆက်လက်ဖြစ်ပွားနေသည့် ပဋိပက္ခများ ကင်းစင်သည့်အနာဂတ်ကို တည်ဆောက်ရန် ယုံကြည်သည့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ နိုင်ငံအတွင်းရှိ သက်ဆိုင်ရာ ဒီမိုကရေစီအင်အားစုများနှင့် ထိတွေ့ဆက်ဆံဆောင်ရွက်ရန်။

၂။ စစ်အာဏာရှင်အဖွဲ့နှင့် မသက်ဆိုင်သည့် မြန်မာနိုင်ငံသားများက ဦးဆောင်သော ငြိမ်းချမ်းရေးကို အခြေခံသည့် ဖြေရှင်းချက်များကို ပံ့ပိုးရန်။ မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးရရှိရေး အလားအလာများကို အမှန်တကယ် အလေးအနက်ထား၍ ရှာဖွေဖော်ဆောင်ပြီး ပံ့ပိုးလိုပါက အာဆီယံအနေဖြင့် စစ်အာဏာရှင်အဖွဲ့နှင့် ဆွေးနွေးမှုများကို ရပ်တန့်ရန်။

၃။ ပြဿနာများစွာ ရှိနေသည့် “ဘုံသဘောတူညီချက် ၅ ချက်” (5-Point Consensus) ကို ချက်ချင်းစွန့်လွှတ်ပြီး ပြုပြင်ပြောင်းလဲမှုများ တိုးတက်ဖြစ်ပေါ်လာစေရန် နည်းလမ်းအသစ်တရပ်ကို ချမှတ်ရန်။

၄။ လက်နက်ဝယ်ယူရန်အတွက် နိုင်ငံခြားငွေကြေး အသုံးပြုမှုအပေါ် ကန့်သတ်ချက်များနှင့် လက်နက်နှင့် အခြားစစ်ဘက်ဆိုင်ရာ ပစ္စည်းကိရိယာများ ဝယ်ယူနိုင်သည့် စွမ်းရည်အပေါ် ကန့်သတ်ချက်များချ မှတ်ရေးကို အာဆီယံအနေဖြင့် ပံ့ပိုးရန်။

၅။ အာဆီယံအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လက်နက်တင်ပို့ရောင်းချမှု ပိတ်ပင်တားဆီးရေး (global arms embargo) အပါအဝင် ကုလသမဂ္ဂက ချမှတ်ထားသည့် ဆုံးဖြတ်ချက်များကို ပံ့ပိုးခြင်းအားဖြင့် မြန်မာ ပြည်သူများနှင့်အတူ ရပ်တည်ကြောင်း ပြသရန်နှင့် အပြစ်မဲ့ပြည်သူများအပေါ် စစ်အာဏာရှင်အဖွဲ့၏ တိုက်ခိုက်မှုများကို ထိရောက်စွာ ရပ်တန့်စေရေးအတွက် ဆောင်ရွက်ရန်။

## အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းသို့

၁။ မြန်မာနိုင်ငံရှိ စစ်အာဏာရှင်အဖွဲ့နှင့် ယင်းအဖွဲ့က တရားဝင်ကိုယ်စားလှယ်အဖြစ် သတ်မှတ်ထားသူ မည်သူနှင့်မဆို ထိတွေ့ဆက်ဆံခြင်းကို ငြင်းပယ်ရန်။ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတကာရေးရာ များ၊ အစည်းအဝေးများ၊ ထိပ်သီးအစည်းအဝေးများနှင့် အခြားအခမ်းအနားများတွင် စစ်အာဏာရှင် အဖွဲ့ ကိုယ်စားပြု၍ တက်ရောက်ခွင့်မပြုရန်။ မြန်မာနိုင်ငံ၏ ခေါင်းဆောင်မှုနှင့် ထိတွေ့ဆက်ဆံရန် ကြိုးပမ်းရာတွင် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့်သာ ပြုလုပ်ရန်။

၂။ မြန်မာစစ်အာဏာရှင်အဖွဲ့၏ ခေါင်းဆောင်များနှင့် တပ်ဖွဲ့ဝင်များအပြင် ၎င်းတို့၏ မိသားစုဝင်များ အပေါ် ပိုမိုထိရောက်သည့် ပိတ်ဆို့အရေးယူမှုများကို ချက်ချင်းဆောင်ရွက်ရန်။

၃။ အကူအညီများလိုအပ်နေသည့် လူထုအသိုင်းအဝိုင်းများထံသို့ လူသားချင်းစာနာ ထောက်ထားမှု ဆိုင်ရာအကူအညီများ လွတ်လပ်စွာနှင့် ဘေးကင်းလုံခြုံစွာ ရောက်ရှိနိုင်ရန်အတွက် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများအပေါ် ကန့်သတ်ပိတ်ပင်မှုများကို ရုပ်သိမ်းပေးရန် တောင်းဆိုမှုများကို ပိုမိုခိုင်မာစွာ ဆက်လက်ပြုလုပ်ရန်။

၄။ လူ့အခွင့်အရေးချိုးဖောက်ခံရသူများနှင့် မြေပြင်ရှိ အဖွဲ့အစည်းများအနေဖြင့် အလွယ်တကူ လက် လှမ်းမီအသုံးပြုနိုင်ပြီး ယုံကြည်စိတ်ချရသည့် အကာအကွယ်ပေးရေး ယန္တရားများကို ရရှိနိုင်စေရန်။

၅။ ဒေသခံလူထုအခြေပြု အဖွဲ့အစည်းများကို ပံ့ပိုးကူညီရန်နှင့် ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံအပါအဝင် မြန်မာ နိုင်ငံ၏ နယ်စပ်ဒေသအသီးသီးနှင့် မြန်မာနိုင်ငံအတွင်းရှိ လူထုများအား အကျပ်အတည်းကာလ အတွင်း ပံ့ပိုးကူညီနိုင်ရန်အတွက် နယ်စပ်ဖြတ်ကျော် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူ အညီများ ပေးအပ်နိုင်ရေးကို ပံ့ပိုးကူညီရန်။

၆။ မြန်မာနိုင်ငံ၏ ကာလရှည်ကြာ ဖြစ်ပေါ်နေသည့် စိန်ခေါ်မှုများကို ဖြေရှင်းရန်နှင့် ငြိမ်းချမ်းရေးရရှိရန် အတွက် ဒေသခံလူထုများ၏ ဆန္ဒနှင့် ကိုက်ညီသည့် ဖြေရှင်းချက်များ ရရှိနိုင်စေရန်အတွက် ဒေသခံ အဖွဲ့အစည်းများ၊ တိုင်းရင်းသား နိုင်ငံရေးပါတီများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုပွင့်လင်း မြင်သာ ပြီး လက်တွေ့ကျသည့် နည်းလမ်းများဖြင့် ဆောင်ရွက်ရန်။ ယင်းသို့ ဆောင်ရွက်ရာတွင် စစ် အာဏာရှင် အဖွဲ့၏ ဆန္ဒများထက် ဒေသခံလူထု၏ ဆန္ဒများနှင့် ကိုက်ညီမှုရှိစေရေး အလေးထားရန်။

၇။ နိုင်ငံရေးအကျဉ်းသားများအားလုံး လွတ်မြောက်ရေးနှင့် ၎င်းတို့အပေါ် စွဲဆိုထားသည့် စွဲချက်များ အား လုံးကို ချက်ချင်းနှင့် ခြွင်းချက်မရှိ ရုပ်သိမ်းပေးရေးအတွက် တောင်းဆိုမှုများကို ဆက်လက်ပြုလုပ်ရန်။

၈။ မြန်မာနိုင်ငံအတွင်းရှိ ပြည်သူအားလုံးအတွက် တရားမျှတမှု ရရှိစေရန် ကုလသမဂ္ဂ၏ လုပ်ပိုင်ခွင့်ဖြင့် ဆောင်ရွက်သည့် စုံစမ်းစစ်ဆေးရေး ယန္တရားများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

# အာဏာရှင်စနစ်
# ဖျက်သိမ်းရေး



လူ့အခွင့်အရေးမှတ်တမ်းကွန်ရက်-မြန်မာနိုင်ငံ (ND-Burma)သည် တိုင်းရင်းသားလူမျိုးစုများ၊ အမျိုး သမီးများ၊ လူငယ်များနှင့် နိုင်ငံရေး အကျဉ်းသားဟောင်းများကို ကိုယ်စားပြုသည့် အဖွဲ့အစည်း ၁၃ ဖွဲ့ဖြင့် ဖွဲ့ စည်းထားသော ကွန်ရက်တစ်ခုဖြစ်သည်။ ၂၀၀၄ ခုနှစ်မှစတင်၍ ND-Burma အဖွဲ့ဝင်အဖွဲ့အစည်းများသည် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု (Transitional Justice) အယူအဆကို အခြေခံ၍ လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ခဲ့ကြသည်။ ထိုသို့ဆောင်ရွက်ရာတွင် အမှန်တရားဖော်ထုတ်ရေး၊ တရားမျှတမှုရရှိရေး၊ ထိခိုက်နစ်နာသူများအတွက် ပြန်လည်ကုစားပေးရေးနှင့် ထပ်မံမဖြစ်ပွားစေရေးတို့ပါဝင်သည်။

https://x.com/DocumentationNd

https://www.facebook.com/theNDBurma

www.ndburma.org